ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့။ Monday, 3 May 2021 ၁၀၃၆၂

# ပုဂ္ဂလိကကျန်းမာရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်ရန် မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် မေ ၂

**ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။**

အခမ်းအနားများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးချစ်နိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

❖ **မိမိတို့ပြည်သူလူထုများအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများသို့ သွားရောက်ဆေးကုသခံယူမှုဈေးကွက်ကို အစားထိုးနိုင်ရန်ဖြစ်ပြီး ဘာသာစကားကန့်သတ်ချက်ကို ကျော်လွှားနိုင်ရန်၊ ဆရာဝန်များနှင့် အရေးပေါ်ချိတ်ဆက်ဆွေးနွေးဆောင်ရွက်မှု အခက်အခဲများမရှိစေရန်၊ ဒေသတွင်းပြည်သူလူထုများအတွက် နိုင်ငံတကာအဆင့်မီဆေးကုသမှုခံစားရရှိနိုင်စေရန်၊ မိသားစုနှင့်အတူ အိုးမကွာအိမ်မကွာ နွေးထွေးသည့် ကုသခံစားမှုမျိုးရရှိနိုင်စေရန်၊ ဆေးရုံနှင့်လူနာမမျှတမှုကို ဖြည့်ဆည်းပေးနိုင်စေရန်နှင့် အဆင့်မြင့်ရောဂါရှာဖွေကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာနှင့် နည်းပညာအဆင့်မြင့်မားသည့် ကုသမှုများကို ပြည်သူလူထုအများရရှိနိုင်စေရန်ရည်ရွယ်ပြီး နိုင်ငံတကာအဆင့်မီ မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံကြီးကို တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်။**

## ကြေးမုံ ယနေ့ ဖတ်စရာ

**တနင်္သာရီတိုင်းဒေသကြီး၏ လယ်ယာသားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေး ကျင်းပ**
စာမျက်နှာ » ၁၄

**အင်တာမီလန်အသင်း ၁၁ နှစ်တာကာလအတွင်း အီတလီစီးရီးအေဗလား ပထမဆုံးအကြိမ် ဆွတ်ခူး**
စာမျက်နှာ » ၂၈



**ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ယာယီပိတ်ထားခြင်းမှ ပြန်လည်ဖွင့်လှစ်**
စာမျက်နှာ » ၂၀

ကြေးမုံ

# လူမှုစီးပွားဘဝလိုအပ်ချက်ကို မှန်မှန်ကန်ကန်ရယူ

ပြည်သူတို့၏ လူမှုဘဝ၊ စီးပွားရေးဘဝအတွက် မဖြစ်မနေလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အား နေ့စဉ်ပုံမှန်ရရှိရေး ဖြစ်သည်။ ယခုအခါ မြို့ပြနေပြည်သူများမှာ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိနေပြီး ကျေးလက်ဒေသအချို့မှာ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိနေသေးသည်။ ထို့ကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံတော်၏မူဝါဒနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေးကို ခေတ်အဆက်ဆက်တွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ယခုကာလတွင် ပြည်သူများလိုအပ်နေသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ပြည့်စုံလုံလောက်အောင် စီစဉ်ဆောင်ရွက်နေသည်။ လာမည့်နှစ်များတွင်လည်း လိုအပ်လာမည့် လျှပ်စစ်ဓာတ်အားကို အချိန်မီဖြည့်ဆည်းပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများအား ပို့လွှတ်နိုင်ရန်နှင့် ဖြန့်ဖြူးနိုင်ရန်လည်း ဟန်ချက်ညီညီဆောင်ရွက်နေသည်။ လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ရာတွင် သဘာဝအရင်းအမြစ်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို စီမံဆောင်ရွက်နေသည်။


လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးသည် ပြည်သူကို ဝန်ဆောင်မှုပေးရသည့်လုပ်ငန်းဖြစ်သည့်အလျောက် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန် လိုအပ်ပေသည်။ မကြာသေးမီကာလက အခက်အခဲအကြောင်းအမျိုးမျိုးတို့ကြောင့် မီတာဖတ်ခြင်း၊ မီတာဘေလ်ဖြန့်ဝေခြင်း၊ မီတာခကောက်ခြင်းလုပ်ငန်းများမှာ နှောင့်နှေးကြန့်ကြာမှုများဖြစ်ခဲ့သော်လည်း ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးကိုမူ အပြည့်အဝပေးနိုင်ခဲ့သည်။ သို့သော် အထက်ပါအခက်အခဲများကြောင့် မီတာခကောက်ခံမှုမှာ ကြွေးကျန်များဖြစ်ပေါ်ခဲ့ရပြီး ယခုအခါ လလွန်ကြွေးကျန်များကို ပြန်လည်ကောက်ခံမှုများ ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် မိမိတို့အတွက် လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုများ အပြည့်အဝပေးခဲ့သည်ကို အသိအမှတ်ပြုသောအားဖြင့် မီတာခများ ပုံမှန်ပြန်လည်ပေးဆောင်ရန်အတွက်ကို လိုလားလျက်ရှိသည်။ ထို့ကြောင့် အသစ်ခန့်အပ်သောဝန်ထမ်းများဖြင့် လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ပေးအပ်ထားသောတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရေးနှင့် ပြည်သူလူထုအပေါ် အဆင်ပြေစွာဆက်ဆံနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူ့ဝန်ဆောင်မှုကို ပြန်လည်ဆောင်ရွက်ရာတွင် လတ်တလော၌ အခက်အခဲအမျိုးမျိုးရှိနိုင်သော်လည်း တစ်ဦးနှင့် တစ်ဦး နားလည်စာနာမှုဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ချောမွေ့အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့သော် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်လိုသူများ၊ ပြည်တွင်း/ပြည်ပမှ နိုင်ငံတော်၏ ယန္တရားမလည်ပတ်အောင် လုပ်ဆောင်လိုသူများက လျှပ်စစ်ဓာတ်အားဝန်ဆောင်မှု၊ ဓာတ်အားခကောက်ခံမှု၊ ပေးဆောင်မှုများ အဆင်မပြေအောင် နှောင့်ယှက်ဟန့်တားမှုများ၊ ကဖျက်ယဖျက်လုပ်ဆောင်မှုများ ပြုလုပ်လာရန် ပြည်သူတို့အား သွေးထိုးလှုံ့ဆော်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်က ပြည်သူတို့အတွက် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲမှုကို လုံလောက်အောင် ဖြည့်ဆည်းပေးနေသော်လည်း သုံးစွဲခဲ့သည့် လျှပ်စစ်ဓာတ်အား ကျသင့်ငွေများကို ပေးဆောင်ခြင်းမပြုရန် လှုံ့ဆော်ခြင်း၊ ဖိအားပေးခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူတို့အား လျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုပေးရေး၊ ကျန်းမာရေးဝန်ဆောင်မှုပေးရေးတို့သည် ပြည်သူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်သည်ကို ပြည်သူတို့က နားလည်သိရှိကြပြီးဖြစ်သည်။

မိမိတို့မှာ လျှပ်စစ်ဓာတ်အားများကို အဆင်ပြေစွာရယူသုံးစွဲပြီးဖြစ်၍ ကျသင့်သောမီတာခများကို ပြန်လည်ပေးဆောင်သည်မှာ တာဝန်သိသောပြည်သူ၊ တာဝန်ကျေပွန်သော အလုပ်သာဖြစ်ပေသည်။ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားခကို ပေးဆောင်ခြင်းမရှိပါက မပေးဆောင်သူအိမ်ထောင်စု၊ နေအိမ်တို့ပင် လျှပ်စစ်ဓာတ်အားပေးဝေမှုရပ်ဆိုင်းခံရမည်ဖြစ်၍ မိမိတို့ပင် အခက်အခဲများဖြစ်နိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။ ယခုအခါ အစိုးရယန္တရားမလည်ပတ်အောင် မသမာသူအချို့က တစိုက်မတ်မတ် နှောင့်ယှက်ဟန့်တားနေသည့်အပြင် ပြည်သူများ အတွေးအမြင် လွဲမှားအောင် ဝါဒမှိုင်းတိုက်မှုများပြုလုပ်လျက်ရှိရာ နောက်ဆက်တွဲဆိုးကျိုးများအား ပြည်သူများသာခံစားနေရသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ လူမှုဘဝများ၊ စီးပွားရေးဘဝများ အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိနေသည်မှာ ပြည်သူများ၏ နေ့စဉ်အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးခြင်းဖြစ်၍ မသမာသူများ၊ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သူများ၏ သွေးထိုးမှုများ၊ ဟန့်တားမှုများ၊ နှောင့်ယှက်မှုများ၊ ဖိအားပေးမှုများ၊ ခြိမ်းခြောက်မှုများအား နိုင်ငံတော်က ကာကွယ်တားဆီးပေးနေသည်ဖြစ်၍ အနှောင့်အယှက်များကို တွေဝေခြင်း၊ စိုးရိမ်ပူပန်ခြင်းမရှိဘဲ စိတ်အေးချမ်းသာစွာဖြင့် ပြည်သူ့ဝန်ဆောင်မှုများကို ရယူနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။




## ပညာရေးဝန်ကြီးဌာနရှိ သင်ကြား၊ စီမံဝန်ထမ်းအားလုံး လုပ်ငန်းခွင်သို့ မပျက်မကွက် ဝင်ရောက်ရေးကိစ္စ

**နေပြည်တော် မေ ၂**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နည်းပညာ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများမှ သင်ကြားရေးဆရာ ဆရာမများအားလုံးနှင့် စီမံဝန်ထမ်းများအားလုံးတို့သည် မိမိတို့၏ လုပ်ငန်းခွင်သို့ မေ ၃ ရက် နောက်ဆုံးထား၍ မပျက်မကွက် **(မပျက်မကွက်)** ဝင်ရောက်ကြရန် ပညာရေးဝန်ကြီးဌာနက အသိပေးထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အငယ်တန်း | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - | ဦးဝင်းနိုင် | သတင်းထောက်များ | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | စာပြင် | - | ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာမျက်နှာဖွဲ့စည်းမှုနှင့် | - | ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| ဘာသာပြန် | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | ဒီဇိုင်း | | |
| စာတည်းများ | | ဦးအောင်ကျော်ကျော် | အီးမေးလ်နှင့် အွန်လိုင်း | - | ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |
| အကြီးတန်း | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | | | |
| သတင်းထောက်များ | | ဒေါ်နေဇာဇာထွန်း | | | |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။

## ❖ ကျွမ်းကျင်ပညာရှင်များမှ လူနာများကို ၂၄ နာရီပတ်လုံး နိုင်ငံတကာအဆင့်မီ မိခင်နှင့်ကလေးပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများကို စိတ်ချလုံခြုံစွာအဆင့်မြင့်ဆုံးပေးနိုင်မည့် မိခင်နှင့် ကလေးဆေးရုံကြီးအဖြစ် စဉ်ဆက်မပြတ် အောင်မြင်စေရန်။

☆ ရှေ့ဖုံးမှ

တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောတို့က မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြရာ ဌာနအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

### မိခင်နှင့်ကလေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှု

မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် မိမိနိုင်ငံအတွင်း နိုင်ငံသူနိုင်ငံသားများအားကိုးအားထားပြုရသည့် နိုင်ငံတကာအဆင့်မီ နိုင်ငံတကာအသိအမှတ်ပြု မိခင်နှင့်ကလေးဆေးရုံကြီးအဖြစ် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍအား အထောက်အကူပြုပေးနိုင်ရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဆေးရုံတွင် မိခင်နှင့်ကလေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုအနေဖြင့် ဖန်ပြွန်သန္ဓေသားပြုလုပ်ခြင်း၊ မျိုးရိုးဗီဇများ သိမ်းဆည်းခြင်း၊ မျိုးရိုးလိုက်ရောဂါရှာဖွေစစ်ဆေးခြင်း၊ တစ်သက်တာကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဖွံ့ဖြိုးမှုနောက်ကျသော ကလေးငယ်များအား ပြုစုကုသခြင်း၊ ကလေးအာဟာရဆွေးနွေးကုသခြင်း၊ မွေးကင်းစကလေးငယ်များအား အထူးကြပ်မတ်ကုသခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လာရောက်ကုသမှုခံယူသည့်မိဘပြည်သူများအတွက် စာတွေ့လက်တွေ့ ကျွမ်းကျင်မှုရှိပြီး အတွေ့အကြုံပြည့်ဝသည့် သူနာပြုနှင့် ပါရဂူဆရာဝန်ကြီးများ၊ ကျွမ်းကျင်ပညာရှင်များက နောက်ဆုံးပေါ် ခေတ်မီစက်ကိရိယာများဖြင့် **မိခင်နှင့် ရင်သွေးငယ်များ ကျန်းမာရေးအတွက် ၂၄ နာရီကာလပတ်လုံး အထူးဂရုပြုစောင့်ရှောက်ပေးသွားမည်ဖြစ်သည့်အပြင် ရင်သွေးမရနိုင်သော မိဘများအတွက် မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံကြီးမှ သားဖွားမီးယပ်ပါရဂူများ၊ သူနာပြုကျွမ်းကျင်များနှင့် သန္ဓေသား ပညာရှင်များက ကူညီဖြေရှင်းပေးနိုင်မည်**ဖြစ်ကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော လေကိုခံစားရရှိနိုင်သည့် Mini Garden လေးခု၊ ကလေးငယ်များအတွက် Out Door နှင့် In Door ကလေးကစားကွင်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ ရေဆိုးများ စနစ်တကျ စွန့်ပစ်ရန်အတွက် (Hospital Waste Treatment) စနစ်တို့ကို ထည့်သွင်းတည်ဆောက်ထားသည့်အပြင် အထွေထွေဝန်ဆောင်မှုများဖြစ်သည့် ATM ငွေထုတ်စက်၊ Convenience Store ၊ Food Court ၊ Caf Teria ၊ ဆိုင်ခန်းများလည်း ပါရှိသည်။

### မြဝတီမီဒီယာစင်တာ

ဆက်လက်၍ မြဝတီမီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောတို့က မြဝတီမီဒီယာစင်တာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မြဝတီမီဒီယာစင်တာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၄ သို့ ❂



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောတို့က မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

❂ စာမျက်နှာ ၃ မှ

ယင်းနောက် Mini Theatre အတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာတို့ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယခုပေါ်ထွန်းလာခဲ့သည့် မိုးကောင်းရတနာမိခင်နှင့်ကလေးဆေးရုံကြီး အောင်မြင်စွာဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတကာမှ အတွေ့အကြုံရှိသည့် ကျွမ်းကျင်ပညာရှင်ကြီးများ၊ အဖွဲ့အစည်းများနှင့် အကြိမ်ကြိမ်အခါခါ တိုင်ပင်ညှိနှိုင်းဆွေးနွေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးအချက်အလက်များအရ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများအနက် ပဋ္ဌမမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်ကြောင်း၊ ကျန်းမာရေးအသုံးစရိတ် (Healthcare Expenditure)များကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိကြောင်း၊ **မြန်မာနိုင်ငံမှ ပြည်ပအိမ်နီးချင်းနိုင်ငံများသို့ ဆေးကုသမှု၊ ကျန်းမာရေးစစ်ဆေးမှုများအတွက် COVID-19 မဖြစ်ပွားမီ ယခင်နှစ်များက သွားရောက်ကုသသူလူဦးရေ နေ့စဉ် ၅၀၀ ခန့်ရှိကြောင်း၊ ထိုသို့ပြည်ပသို့ သွားရောက်ဆေးကုသသူဦးရေ တစ်နှစ်ထက်တစ်နှစ် များပြားလျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ပြည်ပသို့ သွားရောက်ဆေးကုသသူ လူဦးရေစုစုပေါင်း ၂၁၇၉၅၁ ဦးရှိကြောင်း၊ ပြည်ပသို့ ဆေးကုသမှုအတွက် သွားရောက်မှုအများဆုံးနိုင်ငံမှာ ထိုင်းနိုင်ငံ ၅၆ ရာခိုင်နှုန်း၊ ဒုတိယအများဆုံးနိုင်ငံမှာ အိန္ဒိယနိုင်ငံ ၁၉ ရာခိုင်နှုန်းနှင့် တတိယအများဆုံးနိုင်ငံမှာ စင်္ကာပူနိုင်ငံ ၁၁ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရကြောင်း။**

**မြန်မာနိုင်ငံတွင် ဆေးရုံပေါင်း ၁၃၀၁ ရုံရှိ**

ကျန်းမာရေးဝန်ဆောင်မှုအချက်အလက်များအရ မြန်မာနိုင်ငံတွင် ဆေးရုံပေါင်း ၁၃၀၁ ရုံရှိပြီး အများပိုင် (Public Hospital) ၁၁၁၅ ရုံ၊ ပုဂ္ဂလိကပိုင် (Private Hospital) ၁၈၇ ရုံရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆေးရုံခုတင်ပေါင်း ၆၁၃၉၅ ခုတင်ရှိပြီး အများပိုင်(Public) ၅၅၈၉၅ ခုတင်နှင့် ပုဂ္ဂလိကပိုင် (Private) ၅၅၀၀ ခုတင် ဖြစ်ကြောင်း၊ စစ်တမ်းများအရ ၇၂ ရာခိုင်နှုန်းခန့်သည် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသည်ကို လေ့လာသိရှိရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်ရန် မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိုးကောင်းရတနာမိခင်နှင့် ကလေးဆေးရုံ၏ မျှော်မှန်း(Vision)အနေဖြင့် **"ကျွမ်းကျင်ပညာရှင်များမှ လူနာများကို (၂၄)နာရီပတ်လုံး နိုင်ငံတကာအဆင့်မီ မိခင်နှင့်ကလေးပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှုများကို စိတ်ချလုံခြုံစွာအဆင့်မြင့်ဆုံးပေးနိုင်မည့် မိခင်နှင့်ကလေးဆေးရုံကြီးအဖြစ် စဉ်ဆက်မပြတ်အောင်မြင်စေရန်"** ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ လွှဲပြောင်းလူနာများ၊ ကုသမှုလိုအပ်သည့်ကလေးငယ်များကို သင့်လျော်သည့် ဝန်ဆောင်မှုနှုန်းထားဖြင့် "Tertiary Care" အဆင့်မြင့်ကုသမှုပေးနိုင်ရန်ဖြစ်သကဲ့သို့ မိခင်နှင့်ကလေးရောဂါများကို အထူးကုသရာတွင် (One Stop Service Center)အဖြစ် တစ်နေရာတည်းတွင် ပြည့်စုံလုံလောက်သည့် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရန် ဖြစ်ကြောင်း။

ထို့အပြင် **မိမိတို့ပြည်သူလူထုများအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများသို့ သွားရောက်ဆေးကုသခံယူမှု ဈေးကွက်ကို အစားထိုးနိုင်ရန်ဖြစ်ပြီး ဘာသာစကားကန့်သတ်ချက်ကို ကျော်လွှားနိုင်ရန်၊ ဆရာဝန်များနှင့် အရေးပေါ် ချိတ်ဆက်ဆွေးနွေးဆောင်ရွက်မှု အခက်အခဲများမရှိစေရန်၊ ဒေသတွင်းပြည်သူလူထုများအတွက် နိုင်ငံတကာအဆင့်မီ ဆေးကုသမှုခံစားရရှိနိုင်စေရန်၊ မိသားစုနှင့်အတူ အိုးမကွာအိမ်မကွာနွေးထွေးသည့် ကုသခံစားမှုမျိုးရရှိနိုင်စေရန်၊ ဆေးရုံနှင့်လူနာ မမျှတမှုကို ဖြည့်ဆည်းပေးနိုင်စေရန်နှင့် အဆင့်မြင့်ရောဂါရှာဖွေကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာနှင့် နည်းပညာအဆင့်မြင့်မားသည့် ကုသမှုများကို ပြည်သူလူထုအများရရှိနိုင်စေရန် ရည်ရွယ်ပြီး** နိုင်ငံတကာအဆင့်မီ မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံကြီးကို တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

**❖ နိုင်ငံတစ်နိုင်ငံအတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဟူသည့် မဏ္ဍိုင်သုံးရပ်ဖြင့် တည်ဆောက်ထားပြီး ၎င်းမဏ္ဍိုင်ကြီး သုံးရပ်သည် အပြန်အလှန်ထိန်းကျောင်းမှုကျင့်စဉ်နှင့် ရပ်တည်ခြင်းမှာလည်း ဒီမိုကရေစီကျင့်စဉ်၏ အနှစ်သာရတစ်ရပ်ပင်ဖြစ်။**

စက်ပစ္စည်းများကိုလည်း Brand ကောင်းသည့် စက်ပစ္စည်းကိရိယာများနှင့် အနည်းဆုံး(၁၀)နှစ်ခန့်အထိ ခေတ်မီနေနိုင်မည့် Technology မြင့်သည့် စက်ပစ္စည်းကြီးများကို တပ်ဆင်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် လူနာများအတွက် ဘေးကင်းလုံခြုံစိတ်ချရမှု (Patient Safety) ပိုင်းနှင့် အရည်အသွေးကောင်းမွန်မှု (Hospital Quality)ပိုင်းများတွင် ယုံကြည်စိတ်ချရသည့် နိုင်ငံတကာအသိအမှတ်ပြု ဆေးရုံတစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရေးအတွက် International Patient Safety Goals (IPS Goals) (၆)ချက်ကို အခြေခံကာ ကမ္ဘာ့အသိအမှတ်ပြုဆေးရုံလက်မှတ် Joint Commission International (JCI) လက်မှတ်ရရှိနိုင်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဆေးရုံစတင်အကောင်အထည်ဖော်ချိန်မှစ၍ ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ တပ်ဆင်ဆောင်ရွက်စဉ်ကာလတွင်လည်း အကြိမ်ကြိမ် လာရောက်စစ်ဆေးခဲ့ပြီး မှာကြားမှုများပေးခဲ့ကြောင်း။ **စာမျက်နှာ ၅ သို့ ❂**



ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောတို့က မြဝတီမီဒီယာစင်တာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

## ❖ နိုင်ငံတစ်နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာသည် ဒီမိုကရေစီစနစ်အတွက် ဖော်ထုတ်ရေးသား ပြောဆိုနိုင်ခွင့်ကို တိုးမြှင့်ဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ရုံသာမက ပြည်သူတစ်ဦးချင်းစီအတွက် သိသင့်သိထိုက်သည့် ဗဟုသုတအချက်အလက်များ ဖြန့်ဝေခြင်းဖြင့် အစိုးရ၏ပွင့်လင်းမြင်သာမှုကို တိုးတက်အောင် ဆောင်ရွက်ပေးနိုင်

❂ စာမျက်နှာ ၄ မှ

ဆက်လက်ပြီး မြဝတီမီဒီယာစင်တာနှင့်ပတ်သက်၍ **သတင်း၊ စာပေ၊ ရုပ်ရှင်၊ သီချင်း၊ ဂီတ၊ ရုပ်မြင်သံကြားများ၊ အကျုံးဝင်သည့် မီဒီယာလုပ်ငန်းများသည် နိုင်ငံတစ်ခုအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားအကျိုးစီးပွားအတွက် များစွာအထောက်အကူပြုစေနိုင်သည့် အင်အားစုကြီးတစ်ခုဖြစ်**ပါကြောင်း၊ အဆင့်မြင့်နည်းပညာများလိုအပ်လာသည့်အချိန်တွင် မိမိတို့နိုင်ငံ၌ အပြည့်အဝမလုပ်ဆောင်နိုင်ဘဲ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေကြရသည်ကို မိမိအနေဖြင့် အားမလိုအားမရဖြစ်ခဲ့ရသည့်အတွက် တတ်နိုင်သည့်အချိန်တွင်လုပ်ဆောင်မည်ဟု စဉ်းစား၍လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း။

### ရည်ရွယ်တည်ဆောက်

မြန်မာနိုင်ငံ၏ မီဒီယာလုပ်ငန်းများကို နိုင်ငံတကာနှင့်အတူ ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်နိုင်တော့မည့် နိုင်ငံတကာအဆင့်မီ မြဝတီမီဒီယာစင်တာနှင့်ပတ်သက်၍ မီဒီယာနှင့်ပတ်သက်သည့် ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် စာနယ်ဇင်းလုပ်ငန်းများကို တစ်နေရာတည်းတွင် နိုင်ငံတကာအဆင့်မီဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏မီဒီယာ အဆင့်အတန်းမြင့်မားလာစေရန်အတွက် ရည်ရွယ်တည်ဆောက်ထားရှိခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တည်ဆောက်ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်မှာ ပြည်သူလူထုယုံကြည်အားထားရမည့် အဓိကမီဒီယာလုပ်ငန်းကြီးတစ်ခု ဖန်တီးတည်ဆောက်နိုင်စေရန်၊ နိုင်ငံတော်၏ မီဒီယာကျင့်ဝတ်များနှင့်အညီ ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုစေရန်၊ သတင်းနှင့်မီဒီယာအခန်းကဏ္ဍ နည်းပညာဆိုင်ရာများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတကာစံနှုန်းများ၊ ကျင့်ဝတ်များနှင့်အညီ ခေတ်မီမီဒီယာနည်းပညာများ သင်ယူလေ့လာနိုင်စေရန်တို့ပင်ဖြစ်ကြောင်း။

**နိုင်ငံတစ်နိုင်ငံအတွက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးဟူသည့် မဏ္ဍိုင်သုံးရပ်ဖြင့်တည်ဆောက်ထားပြီး ၎င်းမဏ္ဍိုင်ကြီးသုံးရပ်သည် အပြန်အလှန်ထိန်းကျောင်းမှုကျင့်စဉ်နှင့် ရပ်တည်ခြင်းမှာလည်း ဒီမိုကရေစီကျင့်စဉ်၏ အနှစ်သာရတစ်ရပ်ပင်ဖြစ်**ကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီး သုံးရပ်ကိုစောင့်ကြည့်ထောက်ပြမှုပြုလုပ်နိုင်သည့် အခြားမဏ္ဍိုင်ကြီးတစ်ခုမှာ မီဒီယာဆိုသည့် စတုတ္ထမဏ္ဍိုင်ပင်ဖြစ်ကြောင်း၊ ၂၁ ရာစု၏ သတင်းအချက်အလက်စီးဆင်းမှု မြန်ဆန်နှုန်းကြောင့် မီဒီယာကဏ္ဍ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြဝတီမီဒီယာစင်တာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။

အနေဖြင့် အရေးကြီးသည့် အခန်းကဏ္ဍကို ရောက်ရှိလာကြောင်း၊ မြဝတီမီဒီယာစင်တာတွင် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ၊ ပုဂ္ဂလိက မီဒီယာကုမ္ပဏီများသည် နိုင်ငံတော်အကျိုးပြုနိုင်ရေးအတွက် အဆင့်မြှင့်တင်ကွန်ရက်ပေါင်းစည်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

### ဆောင်ရွက်ပေးနိုင်

**နိုင်ငံတစ်နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာသည် ဒီမိုကရေစီစနစ်အတွက် ဖော်ထုတ်ရေးသားပြောဆိုနိုင်ခွင့်ကို တိုးမြှင့်ဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ရုံသာမက ပြည်သူတစ်ဦးချင်းစီအတွက် သိသင့်သိထိုက်သည့် ဗဟုသုတအချက်အလက်များ ဖြန့်ဝေခြင်းဖြင့် အစိုးရ၏ပွင့်လင်းမြင်သာမှုကို တိုးတက်အောင် ဆောင်ရွက်ပေးနိုင်**ကြောင်း၊ Media များ၏ အရည်အသွေး၊ နိုင်ငံ၏သမိုင်းကြောင်းပေါ်တွင် နားလည်နိုင်မှုနှင့် နိုင်ငံကို မြန်မာတို့၏ထုံးတမ်းစဉ်လာနှင့် မသွေဖည်ဘဲ တိုးတက်ကြီးပွားစေလိုမှုရှိစေလိုကြောင်း၊ မိမိအနေဖြင့် ပြောရမည်ဆိုပါက ရှေးရိုးစွဲရန်မဟုတ်ဘဲ ခေတ်မီသည့်အတွေးအခေါ်များကိုအားပေးရန်ဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်များဖြင့် ပြည်သူများကို စိတ်ဓာတ်ခွန်အား၊ အသိဉာဏ်ခွန်အားပေးနိုင်စေရန်လိုကြောင်း၊ သို့သော်အခြေအနေများသည် အခြေခံအကြောင်းတရားများအပေါ်တွင်သာမူတည်နေကြောင်း၊ လက်ရှိကာလကမ္ဘာ့နိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြခြင်းဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ အဓိကကျသည့် ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင် အစရှိသည့် မဏ္ဍိုင်ကြီး သုံးရပ်အပြင် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ စည်းကမ်းများ၊ သဘောသဘာဝများကို လိုက်နာဆောင်ရွက်သည့် မီဒီယာကို စတုတ္ထမဏ္ဍိုင်အဖြစ် သတ်မှတ်ထားရှိသည့်အတွက် ယနေ့ဖွင့်လှစ်လိုက်သည့် မြဝတီမီဒီယာစင်တာအနေဖြင့်လည်း နိုင်ငံတော်၏မီဒီယာကဏ္ဍ နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်အောင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် အဓိကခံယူထားကြောင်း။

### တိုးတက်ပြောင်းလဲနေ

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သတင်းမီဒီယာ IT ခေတ်တွင် သတင်းရရှိပေးပို့မှုများ အင်မတန်လျင်မြန်လာသကဲ့သို့ သတင်းဖော်ပြမှုနှင့် အထောက်အကူပစ္စည်းများ၊ နည်းပညာများသည်လည်း တစ်ရက်နှင့်တစ်ရက်မတူအောင် တိုးတက်ပြောင်းလဲနေကြောင်း၊ ပြိုင်ဆိုင်မှုများပြီး လျင်မြန်လွန်းသည့် မီဒီယာခေတ်တွင် မှန်ကန်တိကျသည့် သတင်းဖော်ပြမှုသည် အရေးပါပြီး မှားယွင်းဖော်ပြမိသည်နှင့် အမှု တရားစွဲဆိုခံရမှုများ ဖြစ်လာနိုင်သကဲ့သို့ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သတင်းမီဒီယာပညာများသည်လည်း လေ့လာသင်ယူစရာများစွာရှိနေကြောင်း၊ မီဒီယာနှင့်ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ မိမိအဖွဲ့အစည်းလုပ်ငန်းများကို လူသိများစေရန် ဆောင်ရွက်သည့်အခါတွင် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများတွင် အများပြည်သူနှင့်ဆက်ဆံရေး၊ မိမိအသိုက်အဝန်းနှင့်ဆက်ဆံရေး၊ မိမိကိုထောက်ပံ့သူများနှင့် ဆက်ဆံရေးဟူ၍ ဆက်ဆံရေးအမျိုးမျိုး ပါဝင်လျက်ရှိကြောင်း၊ မိမိသိစေချင်သည့် အကြောင်းအရာတစ်ရပ်ကို လူအများသိရှိလာစေရန် မီဒီယာမှတစ်ဆင့် ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် **မီဒီယာဆက်ဆံရေးသည် လူသိများစေရန် ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်ဖြစ်ပြီး မိမိအနေဖြင့်ပြောရမည်ဆိုပါက မီဒီယာလုပ်ငန်းသည် အတွေးအခေါ်ကောင်းရမည်၊ စက်မှုပိုင်းဆိုင်ရာကောင်းရမည်၊ နည်းပညာပိုင်းဆိုင်ရာ ကောင်းရမည်၊ သရုပ်ဆောင်မှုအပိုင်းတွင် အရုပ်နှင့်အသံပိုင်းဆိုင်ရာကောင်းရမည်၊ သံစဉ်များ ဟာမိုနီဖြစ်ရမည်၊ ပရိသတ်ကို သုတ၊ ရသပေးနိုင်ရမည်ဖြစ်ပြီး စိတ်ဓာတ်ခွန်အား ရစေရမည်ဖြစ်ကြောင်းနှင့် ကြည့်ရှုသူတို့၏ရင်ထဲတွင် စွဲထင်ကျန်နေရမည်**ဖြစ်ကြောင်း။

စာမျက်နှာ ၆ သို့ ❂





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြဝတီမီဒီယာစင်တာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❂ စာမျက်နှာ ၅ မှ

မြဝတီမီဒီယာစင်တာအနေဖြင့် နယ်ပယ်စုံမှ အနုပညာသမားများနှင့် မီဒီယာလုပ်ငန်းလုပ်ကိုင်သူများကို အချက်အချာကျသည့် တစ်နေရာတည်းတွင် အဆင့်မြင့်နည်းပညာသုံး ရိုက်ကူးရေးနှင့် အသံဖမ်းစတူဒီယိုများ ထည့်သွင်းငှားရမ်းခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ရိုက်ကူး၊ ထုတ်လွှင့်တင်ဆက်မှုများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရန်နှင့် ရုံးခန်းများကိုလည်း သင့်တင့်သည့်နှုန်းထားဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ဖွင့်လှစ်ခြင်းအားဖြင့် အဆင့်အတန်းရှိသည့် မီဒီယာလုပ်ငန်းတင်ဆက်မှုများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ကုသပေးနိုင်မည်**

အချုပ်အားဖြင့် မိခင်နှင့်ကလေးဆေးရုံအနေဖြင့် အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ အတွင်းလူနာခန်းများ၊ HDU၊ ICU၊ Day Care၊ Emergency ကဲ့သို့ အခန်းများကိုလည်း ထည့်သွင်းတည်ဆောက်ထားပြီး ကျန်းမာရေးစစ်ဆေးခြင်းအစီအစဉ်များအနေဖြင့် အထွေထွေကျန်းမာရေးစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတွက် မိခင်နှင့်ကလေးကုသခြင်းများ၊ မွေးဖွားမှုဆိုင်ရာ Package များ၊ Member Card အစီအစဉ်များကိုလည်း စိတ်ကြိုက်ရွေးချယ် အားကိုးအားထားပြု ကုသပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုဆေးရုံဖွင့်လှစ်ခြင်းကြောင့် မိခင်နှင့်ကလေးများနှင့် မြန်မာနိုင်ငံအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း။

**သတင်းမီဒီယာလုပ်ငန်းအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများက ၎င်းတို့၏အကျိုးစီးပွားအတွက် ခေတ်မီဘက်စုံမီဒီယာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုပြီး ၎င်းတို့လိုလားသည့် အယူအဆ၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုဓလေ့စရိုက်များကို သွတ်သွင်းခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံမှ ထိုးနှက်မှုများကို ခိုင်ခိုင်မာမာ ကာကွယ်နိုင်ရန် လိုအပ်ကြောင်း၊** မြဝတီမီဒီယာစင်တာ၏ အထောက်အကူပြုဆောင်ရွက်မှုကြောင့် မီဒီယာလုပ်ငန်းရှင်များ၊ မီဒီယာဝါသနာရှင်များ၊ အနုပညာရှင်များအားလုံး စုစည်းခိုင်မာပြီး ညီညီညွတ်ညွတ်နှင့် စုပေါင်းကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**❖ သတင်းမီဒီယာလုပ်ငန်းအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများက ၎င်းတို့၏ အကျိုးစီးပွားအတွက် ခေတ်မီဘက်စုံမီဒီယာများကို တွင်တွင်ကျယ်ကျယ်အသုံးပြုပြီး ၎င်းတို့လိုလားသည့် အယူအဆ၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုဓလေ့စရိုက်များကို သွတ်သွင်းခြင်းနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံမှ ထိုးနှက်မှုများကို ခိုင်ခိုင်မာမာ ကာကွယ်နိုင်ရန် လိုအပ်။**



မြဝတီမီဒီယာစင်တာကို တွေ့ရစဉ်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း စီမံကိန်းများ ညွှန်ကြားရေးမှူး ဦးခင်မောင်စိုးက မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ လုပ်ဆောင်ပေးနိုင်မည့် ဝန်ဆောင်မှုများကို Video Clip များနှင့်တကွ ရှင်းလင်းတင်ပြသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ယင်းနောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြဝတီမီဒီယာစင်တာအတွင်းရှိ ရုပ်သံမီဒီယာလုပ်ငန်းများ၊ အသံလွှင့်မီဒီယာလုပ်ငန်းအစီအစဉ်၊ တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်၊ ရုပ်သံဇာတ်လမ်းများ ထုတ်လွှင့်တင်ဆက်မှုအစီအစဉ်၊ နိုင်ငံတကာနှင့် ပြည်တွင်းသတင်းတင်ဆက်မှုအစီအစဉ်၊ "ပြောင်းလဲလာသော မြန်မာ့ရုပ်ရှင်များအကြောင်း" နှင့်ပတ်သက်၍ အနုပညာရှင်များ၏ ဆွေးနွေးမှုအစီအစဉ်၊ မြန်မာ့ဂီတ သံစဉ်တူရိယာများ တီးမှုတ်အသံသွင်းခြင်း အစီအစဉ် သရုပ်ပြသမှုများကို လိုက်လံကြည့်ရှုကြသည်။

**စတင်ဆောက်လုပ်ခဲ့**

မြဝတီမီဒီယာစင်တာအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အတိုင်း ပြည်သူလူထုယုံကြည်အားထားရသည့် အဓိကမီဒီယာလုပ်ငန်းကြီးအဖြစ် မီဒီယာဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးနှင့် မီဒီယာအခန်းကဏ္ဍအား နိုင်ငံတကာအဆင့်မီဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ် မေလတွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

မြဝတီမီဒီယာစင်တာသည် ခုနစ်ထပ် အဆောက်အအုံဖြစ်ပြီး ပထမထပ်နှင့် ဒုတိယထပ်၌ 4K အရည်အသွေးဖြင့် 3D ပြသနိုင်သည့် လူ ၂၀၀ ဆံ့ရုပ်ရှင်ရုံ၊ ကြီးမားသော LED Projector ပါဝင်သည့် လူ ၃၀၀ ဆံ့ ကဇာတ်ရုံ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ သီချင်းဆိုပြိုင်ပွဲများ၊ Game Show များ၊ Model Show ပြိုင်ပွဲများပြုလုပ်နိုင်ပြီး စတိတ်စင်၏နောက်ခံဒီဇိုင်းများ လိုအပ်သလိုပြောင်းလဲအသုံးပြုနိုင်သည့် TV Studio နှစ်ခန်း၊ Talk Show Studio၊ Radio Studio၊ Mini Studio၊ Sound Studio၊ News Studio၊ Music Studio ခန်းများ၊ စာကြည့်တိုက်နှင့် မြဝတီမီဒီယာသင်တန်းခန်းမများပါဝင်ပြီး တတိယထပ်၊ စတုတ္ထနှင့် ပဉ္စမထပ်တို့၌ စီးပွားရေးဆိုင်ရာရုံးခန်းများ၊ ဆဋ္ဌမထပ်၌ လူ ၁၂၀ ဆံ့ Ball Room၊ လူ ၈၈ ဦးဆံ့ Function Hall၊ လူ ၃၀ ဆံ့ Meeting Room များ ထည့်သွင်းတည်ဆောက်ထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။

# မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံ ဖွင့်ပွဲ အခမ်းအနား ပုံရိပ်များ




မိုးကောင်းရတနာ မိခင်နှင့်ကလေးဆေးရုံအဆောက်အအုံကို တွေ့ရစဉ်။




ကလေးငယ်များအတွက် ကစားကွင်းကို တွေ့ရစဉ်။



ကွန်ပျူတာဓာတ်မှန်စက်ကို တွေ့ရစဉ်။



လူနာခုတင်များကို တွေ့ရစဉ်။



ခွဲစိတ်ခန်းကို တွေ့ရစဉ်။

## ကောင်းမွန်သည့် အကျိုးရလဒ်

အချို့ဝန်ထမ်းများသည် ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်မှုမရှိပါက Social Punishment ပြုလုပ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ မိမိတို့တာဝန်ပျက်ကွက်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို ကြောက်ရွံ့ခြင်းများကြောင့် တာဝန်ထမ်းဆောင်မှုများကို ဆက်လက်ပျက်ကွက်လျက်ရှိကြကြောင်း၊ ကိုယ်တိုင်ဦးဆောင်လှုံ့ဆော်မှုများတွင် မပါဝင်သည့်ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိုက်သင့်သည့်အရေးယူမှုကိုသာ ဆောင်ရွက်မည်ဖြစ်ပြီး အလုပ်မှထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်မည်မဟုတ်ကြောင်း၊ ဝန်ထမ်းများအား CDM ပြုလုပ်ရန် ခြိမ်းခြောက်နေသူများအား သတင်းပို့တိုင်ကြားရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ထုတ်ပြန်ထားပြီး ခြိမ်းခြောက်သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CDM ပြုလုပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းခွင်သို့ အမြန်ဆုံး ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ပါက နိုင်ငံအတွက် ကောင်းမွန်သည့်အကျိုးရလဒ်များ ရရှိမည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုပါကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း လုံခြုံရေးရဲတပ်ဖွဲ့ခွဲများရှိ တပ်ဖွဲ့ဝင်နှင့် မိသားစုများကို တွေ့ဆုံ



နေပြည်တော် မေ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းသည် ယနေ့တွင် သာဝတ္ထိနယ်မြေ၊ သာဂရနယ်မြေနှင့် တောင်ငူနယ်မြေတို့ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်များ၏ ဇနီးများနှင့် မိသားစုများကို သွားရောက်တွေ့ဆုံသည်။

**မှာကြား**

ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာနယ်မြေများအလိုက် လုံခြုံရေးရဲတပ်ဖွဲ့ခွဲခန်းမများတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ဇနီးများနှင့် တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖြစ်ပေါ်လာရသည့် အခြေအနေအသေးစိတ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့် ယခင်အစိုးရ၏ မဲမသမာမှုဖြစ်စဉ်ဖြစ်ရပ်များအရ လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏မဲစာရင်းများ စစ်ဆေးဆောင်ရွက်နေမှုနှင့် တွေ့ရှိရမှုများ၊၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ယနေ့ကာလအထိ တပ်မတော်မှ နိုင်ငံတော်အာဏာကို ထိန်းသိမ်းထားရှိစဉ်အတွင်း နိုင်ငံအတွင်းဆန္ဒပြမှုဖြစ်စဉ်များဖြစ်ပွားခဲ့ရာ အေးချမ်းစွာဆန္ဒပြမှုများမှ တစ်ဆင့် ဆူပူဆန္ဒပြခြင်း၊ ၎င်းမှအကြမ်းဖက်ဖြစ်စဉ်များသို့ အသွင်ပြောင်းလာကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ သတ်ဖြတ်ခံရမှု၊ ဒဏ်ရာရရှိမှုများ၊ ဆူပူအကြမ်းဖက်ဖြစ်စဉ်များမှ အဖျက်အမှောင့်လုပ်ငန်းမျိုးစုံ ဆောင်ရွက်လာနေမှု၊ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရေးအတွက် လက်နက်စွဲကိုင် ပုန်ကန်လာမှု၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လိုက်နာရမည့်စည်းကမ်းများ၊ ဝန်ထမ်းကျင့်ဝတ်များ၊ ဆောင်ရန်/ရှောင်ရန်ကိစ္စရပ်များ၊ စည်းကမ်းကောင်းမွန်စွာဖြင့် ပေးအပ်သော တာဝန်ဝတ္တရားများကို ပျော်ရွှင်ချမ်းမြေ့စွာ၊ တာဝန်ကျေပွန်စွာဆောင်ရွက်ရေး၊ မိမိတို့တပ်ရင်းတပ်ဖွဲ့ ဂုဏ်သိက္ခာမကျဆင်းစေရေး တစ်ဦးချင်းတာဝန်ရှိပြီး အထက်အရာရှိများအနေဖြင့် တပ်ဖွဲ့အတွင်း မျှတစွာကွပ်ကဲအုပ်ချုပ်၍ အချင်းချင်း "စည်းကမ်းရှိရှိ ပျော်ပျော်ရွှင်ရွှင်နေ၊ သစ္စာရှိရှိ ရဲရဲဝံ့ဝံ့လုပ်" ဆောင်ပုဒ်နှင့်အညီ လိုက်နာနေထိုင်ရေး၊ တပ်ဖွဲ့တွင်း မိသားစုများစည်းလုံးညီညွတ်စွာဖြင့် နေထိုင်၍ ပြင်ပမှသွေးခွဲမှု၊ ကောလာဟလ ဝါဒဖြန့်ချိမှုများကို ဂရုပြုဆင်ခြင်သတိထားလိုက်နာ ဆောင်ရွက်ရေး၊ မိသားစုများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်ပေးရေးတို့အတွက် အသေးစိတ်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် တပ်ဖွဲ့ဝင်များ၏မိသားစုများကို စားသုံးဆီ၊ ကြက်သွန်၊ ကြက်ဥ၊ ခေါက်ဆွဲနှင့် အာလူးစသည့် စားသောက်ကုန်များကို တပ်ဖွဲ့အသီးသီးတွင် ထောက်ပံ့ပေးအပ်သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများရှိရာနေရာအသီးသီးအလိုက် အိမ်ထောင်သည်လိုင်းများအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ မိသားစုများ၏တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြောက်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မြောက်ဦး မေ ၂

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီက မြို့မဘောလုံးအားကစားကွင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မြောက်ဦးမြို့နယ် ဘောလုံးအသင်းနှင့် ကျောက်တော်မြို့နယ်ဘောလုံး အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုများကို မြို့ပေါ်ရပ်ကွက်ရှိ ဘောလုံးအားကစားချစ်မြတ်နိုးသူများက တစ်ခဲနက်အားပေးကြည့်ရှုကြသည်။ မြောက်ဦးမြို့နယ်ဘောလုံးအသင်းက ကျောက်တော်မြို့နယ်ဘောလုံးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိကာ တံခွန်စိုက်ဆုဖလားကို ရယူနိုင်ခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပထမဆုရရှိသော မြောက်ဦးမြို့နယ် အသင်းအား မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဆရာဦးလှစောက တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်နှင့် ငွေသား ကျပ်သုံးသိန်းအားလည်းကောင်း၊ ဒုတိယဆုရရှိသော ကျောက်တော်မြို့နယ်အသင်းအား တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်နှင့် ငွေသား ကျပ်နှစ်သိန်းကို မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ မြို့နယ်အား/ကာမှူး ဦးမောင်မောင်လတ်ကလည်းကောင်း ချီးမြှင့်ခဲ့ပြီးနောက် ပထမဆုဖလားရရှိသော



မြောက်ဦးမြို့နယ်အသင်းအား ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်အောင်က မြောက်ဦးမြို့နယ်အသင်းနည်းပြ ဦးကျော်ငွေးနှင့် အသင်းခေါင်းဆောင်တို့အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခင်မောင်ထွန်း(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်၊ ပုလော၊ မြိတ်၊ ကျွန်းစု မြို့နယ်များရှိနယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးရန် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထားဝယ်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

**စံချိန်စံညွှန်းပြည့်မီစေရေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးကျော်ဇေယျနှင့် တာဝန်ရှိသူများနှင့်အတူ ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကင်းပွန်းချောင်း – ပေါက်ပင်ကွင်း – မလွှဲတောင်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အတက်အဆင်းကြမ်းသည့်နေရာများ၌ ၁/၂ ဒသမ ၄ မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ပေ ၃၀ တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ပေ ၁၂၀ တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ၁၀ ပေ တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ရာဖူး–စိန်ဘုံလမ်း ၅/၁ မိုင် ပေါ်တွင် ၁၂ ပေ တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တင်ဒါအောင်ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာများက ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သတ်မှတ်ပုံစံအတိုင်း ဆောင်ရွက်ရေး၊ လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေး ဆောင်ရွက်သွားရန် မှာကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ ဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျောက်လမ်းတစ်မိုင်၊ ကွန်ကရစ်လမ်း ၁/၂ ဒသမ လေးမိုင်၊ အမာခံလမ်း၄/၀ မိုင်၊ ပေ ၁၀၀ ကွန်ကရစ်တံတားတစ်စင်း၊ ၁၀ ပေတံတားတစ်စင်း၊ ပေ ၁၂၀ တံတားတစ်စင်း၊ ပေ ၃၀ တံတားတစ်စင်း၊ ၁၂ ပေ တံတားတစ်စင်းတို့ကို ခွင့်ပြုရန်ပုံငွေကျပ် ၁၀၆၉ ဒသမ ၇၁၆ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးလျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ထားဝယ်–လောင်းလုံး–သရက်ချောင်းမြို့များသို့ သောက်သုံးရေ ဖြန့်ဝေနိုင်ရေးဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအား သွားရောက်လေ့လာကြည့်ရှုရာ တိုင်းဒေသကြီး စည်ပင်သာယာရေးညွှန်ကြားရေးမှူးက လုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။



ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စက်မှုလက်မှုသင်တန်းကျောင်း (ထားဝယ်)၌ ကြည့်ရှုစစ်ဆေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရှိ ဝန်ထမ်းများနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ် စက်မှုလက်မှုသင်တန်းကျောင်း (ထားဝယ်)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ထားရှိအပ်သည့် နိုင်ငံ့ဝန်ထမ်းဂုဏ်သိက္ခာဖြင့် နိုင်ငံတော်အပေါ်သစ္စာရှိရှိ တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် နည်းပြများအနေဖြင့် ဘာသာရပ်ဆိုင်ရာ သင်ကြားပေးမှုအပြင် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကောင်းမွန်စေရေးအတွက် သင်ကြားပေးရန်လိုအပ်ကြောင်း၊ နည်းပြများအနေဖြင့်လည်း ဘာသာရပ်ဆိုင်ရာများကို စဉ်ဆက်မပြတ် လေ့လာရန်လိုကြောင်း၊ မိမိတို့ကိုယ်တိုင် ပညာရပ်ပိုင်းပြည့်စုံမှသာ သင်တန်းသားများကို ထိရောက်စွာ သင်ကြားပြသနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းကျောင်းဝင်းအတွင်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြိတ်ခရိုင် ပုလောမြို့နယ် နန်းသီလာကျေးရွာအုပ်စုရှိ မဒေါလမ်းဆုံ–သပြုပြင်ကျေးရွာချင်းဆက်လမ်း ၅/၀ မိုင်အနက် အပြီးသတ်ကျောက်လမ်း ၃/၀ မိုင် ခင်းခြင်းလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းရေရှည်ခိုင်ခံ့ကောင်းမွန်ရေးအတွက် လိုအပ်သည့် Box Culvert များနှင့် တံတားများ ထပ်မံဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ မြိတ်မြို့မှ ကျွန်းစုမြို့သို့ ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကမ်းဇော်တောဆည်ရေတားတမံ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် အေးရိပ်ငြိမ်တစ်ဖက်ပိတ်ဆည် အဆင့်မြှင့်တင်ဆောက်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁ ရက် နံနက်ပိုင်းတွင် မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာအုပ်စု မော်တုံးကြီး–တောင်သုံးလုံး ကျေးရွာချင်းဆက်လမ်း ၁၁/၀ မိုင် အနက် မြေသားလမ်း ၄/၀ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် သံကူကွန်ကရစ် ပေ ၃၀ တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြိတ်မြို့သို့ ဆက်လက်ထွက်ခွာ၍ မြိတ်ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးရှိ ဝန်ထမ်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အိမ်တွင်းမှုသင်တန်းကျောင်းဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရှမ်းပြည်နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)နှင့် ပြည်နယ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် မေ ၁ ရက် နှင့် ၂ ရက်တို့တွင် ရှမ်းပြည်နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)နှင့် တောင်ကြီးမြို့၊ ပင်းတယမြို့များရှိ အားကစားကွင်း/အားကစားရုံ တည်ဆောက်ပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မေ ၁ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ အေးသာယာရှိ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)သို့ ရောက်ရှိလာပြီး ကျောင်းအတွင်းရှိ သင်တန်းသူအိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး အဆောင်မှူးများ၊ စာသင်ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)နှင့် (လှိုင်ကော်)ကျောင်းတို့သည် တိုးတက်လာကြောင်း၊ သန့်ရှင်းသပ်ရပ်ရမည့် ကျောင်းများဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံး ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံးရှိသည်ကို အလွန်ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ မကြာမီဝန်ထမ်းများကို ရာထူးတိုးတက်ရေး၊ ပြောင်းရွှေ့ရေးကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန(ပြည်နယ်ရုံး)သို့ ရောက်ရှိရာ ဝန်ထမ်းများနှင့်တွေ့ဆုံနှုတ်ဆက် အမှာစကားများ ပြောကြားပြီး ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်းက အားကစားနှင့်ပတ်သက်သော လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ခေတ္တညွှန်ကြားရေးမှူးချုပ်တို့က အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ရုံး ညွှန်ကြားရေးမှူးက လက်ခံသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက် ၇ နာရီတွင် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များကို တွေ့ဆုံ၍ ရှမ်းပြည်နယ်တွင် ပြည်သူများ အားကစားကိုပိုမိုစိတ်ပါဝင်စားလာစေရေးကိစ္စရပ်များ၊ ပြည်နယ်အတွင်း မြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့် အားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များနှင့် အားကစားပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး အားကစားအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းရာ ပြည်နယ်ကောင်စီဥက္ကဋ္ဌက လက်ခံရယူသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပင်းတယမြို့နယ်သို့ ရောက်ရှိပြီး ပင်းတယမြို့နယ် မိုးလုံလေလုံအားကစားရုံ ပေ(၂၀၀ x ၁၀၀) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးအာကာလင်းနှင့်တွေ့ဆုံ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အားကစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးပြီး အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရွာငံမြို့နယ်ရှိ ပေ (၁၀၀x၂၀၀) အားကစားရုံ တည်ဆောက်ရေးလုပ်ငန်းနှင့် ဘောလုံးကွင်း မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ တည်ဆောက်လျက်ရှိသော မိုးလုံလေလုံအားကစားရုံ ပေ (၁၂၀ x ၉၀) တည်ဆောက်နေမှုနှင့် ဘောလုံးကွင်း စိမ်းလန်းစိုပြည်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၊ မြို့နယ်အားကစားနှင့်ပတ်သက်၍ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်) ၂၄ နာရီ ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ဗဟိုအဆင့်ဆေးရုံကြီးဖြစ်သည့် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်) သည် မိခင်လောင်းနှင့် မိခင်များအား ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ မိခင်လောင်းများအား အောင်မြင်ကျန်းမာစွာမွေးဖွားပေးခြင်း၊ မွေးကင်းစကလေးများ ပြုစုစောင့်ရှောက်ခြင်းတို့အတွက် နေ့စဉ် ၂၄ နာရီ ဖွင့်လှစ်ထားကြောင်း သိရသည်။

"လက်ရှိဝန်ထမ်းအခြေအနေအရ နေ့စဉ် (ပိတ်ရက်မရှိ) အထူးကုဆရာဝန်ကြီး (သားဖွားမီးယပ်) နှစ်ဦးနှင့် လက်ထောက်အထူးကုဆရာဝန် (သားဖွားမီးယပ်) သုံးဦးတို့က Duty Shift ဖြင့် လုပ်ငန်းများလည်ပတ်ရေး ဆောင်ရွက်လျက်ရှိပြီး အထူးကုဆရာဝန်ကြီး(မေ့ဆေး)၊ အထူးကုဆရာဝန် (မေ့ဆေး) တို့ကလည်း ခွဲစိတ်ကုသရန်လိုအပ်ပါက ဆောင်ရွက်နိုင်ရန် အသင့်ရှိပါတယ်။ ဒါ့အပြင် ပါမောက္ခ (သားဖွားမီးယပ်) ကလည်း ကြီးကြပ်ပါဝင် ပူးပေါင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး (နေပြည်တော်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး(နေပြည်တော်)တွင် ပြင်ပလူနာဌာန၊ သားဖွားဆောင်၊ မီးယပ်ဆောင်၊ မွေးကင်းစဆောင်၊ ခွဲစိတ်ခန်း၊ HDU ကုသခန်း၊ Fever Corner များ ဖွင့်လှစ်ထားရှိပြီး ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုများပေးခြင်း၊ မွေးပြီး မိခင်များ စောင့်ရှောက်ခြင်းနှင့် သားဆက်ခြား ဆောင်ရွက်ပေးခြင်း၊ ကာယကံရှင်၏ ဆန္ဒအလျောက် ဘုတ်အဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် မိခင်အား သားကြောဖြတ်ဆောင်ရွက်ပေးခြင်း၊ သားအိမ်ခေါင်းကင်ဆာအကြိုအဆင့် စမ်းသပ်စစ်ဆေးကုသခြင်း၊ မီးယပ်ရောဂါဝေဒနာရှင်များအား ကုသပေးခြင်း၊ နည်းစနစ်မှန်ကန်သော မိခင်နို့တိုက်ကျွေးရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး(နေပြည်တော်)သို့ နေပြည်တော်အတွင်းရှိ ပြည်သူများသာမက နေပြည်တော်နှင့် ဆက်စပ်နေသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ ဆေးဝါးကုသလိုသူများကလည်း လာရောက်၍ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် အပတ်စဉ်တနင်္လာနေ့တိုင်း ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု (အသစ်)အား ကြည့်ရှုကုသပေးလျက်ရှိရာ တစ်ရက်လျှင် ၇၅ ဦးခန့်လည်းကောင်း၊ ဗုဒ္ဓဟူးနေ့တိုင်းတွင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု (အဟောင်း) များအား ကြည့်ရှုပေးရာ၌ တစ်ရက်လျှင် ၇၅ ဦးမှ ၈၀ ခန့်အထိလည်းကောင်း၊ သောကြာနေ့တိုင်းတွင် မွေးပြီးမိခင်များနှင့် မီးယပ်ရောဂါဝေဒနာရှင်များအား စောင့်ရှောက်ခြင်း ဆောင်ရွက်ပေးရာ၌ တစ်ရက်လျှင် ၄၀ ခန့်လည်းကောင်း လာရောက်ကုသဆောင်ရွက်လျက်ရှိပြီး အရေးပေါ်လူနာများအတွက် ပိတ်ရက်မရှိ ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုများ လက်ခံကုသပေးလျက်ရှိ



**ဘားအံ မေ ၂**

ကရင်ပြည်နယ် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးတွင် မတ် ၁၈ ရက်မှစ၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများဖြင့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုများ လက်ခံကုသပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပြင်ပလူနာများကို အထူးကုဆရာဝန်ကြီးများက အရိုးရောဂါနှင့် မျက်စိရောဂါများကို တနင်္လာနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိလည်းကောင်း၊ သားဖွားမီးယပ်(မွေးပြီးမိခင်)ရောဂါများကို တနင်္လာနေ့ မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိလည်းကောင်း၊ ခွဲစိတ်အထူးကု (အထွေထွေရောဂါ)၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများ၊ အရေပြားရောဂါများ၊ သွားနှင့်ခံတွင်းရောဂါများ၊ အကြောအဆစ်ရောဂါများ၊ ကလေးရောဂါများကို အင်္ဂါနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ လည်းကောင်း၊ သွားနှင့်ခံတွင်းရောဂါများကို အင်္ဂါနေ့ မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိလည်းကောင်း၊ မျက်စိရောဂါများ၊ သားဖွားမီးယပ်ရောဂါများ၊ အရေပြားရောဂါများကို ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိလည်းကောင်း၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါများ၊ အရိုးရောဂါများ၊ သားဖွားမီးယပ်ရောဂါများ(ကိုယ်ဝန်ဆောင်)၊ အရေပြားရောဂါများ၊ အကြောအဆစ်ရောဂါများကို ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ လည်းကောင်း၊ သွားနှင့် ခံတွင်းရောဂါများကို ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိရောဂါများကို သောကြာနေ့ နံနက် ၁၀ နာရီမှ ၁၂ နာရီအထိလည်းကောင်း၊ စိတ်ရောဂါကို သောကြာနေ့ မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိလည်းကောင်း လက်ခံကုသပေးလျက်ရှိသည်။

ယခုအချိန်သည် ကိုဗစ်-၁၉ ရောဂါကာလဖြစ်သည့်အတွက် သံသယလူနာများနှင့် စစ်ဆေးပြီး ပိုးတွေ့လူနာများကိုလည်း လက်ခံကုသပေးလျက်ရှိကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဘရန်အောင်ထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများ၌ လူနာများလက်ခံကုသပေးလျက်ရှိ

**ပဲခူး မေ ၂**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ကုသရေးဆိုင်ရာကိစ္စရပ်များ၊ အရေးပေါ်ကျန်းမာရေးကိစ္စများကို မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံ ၄၀ တို့တွင် ကျန်းမာရေးဝန်ထမ်းများက နေ့စဉ်ကုသစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံ ၄၀ တို့တွင် ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ဌာနကို နေ့/ည မရွေး ၂၄ နာရီဖွင့်လှစ်ကာ စောင့်ရှောက်ပေးလျက်ရှိသည်။

ပြင်ပလူနာများအတွက် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈ နာရီမှ ညနေ၄ နာရီအထိ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ပြင်ပလူနာ၊ အတွင်းလူနာ၊ မွေးလူနာများ လက်ခံကုသပေးလျက်ရှိရာ နေ့စဉ်ပြင်ပလူနာ ၈၀၀ ကျော်နှင့် အတွင်းလူနာ ၉၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြည်သူများအား နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှုများ လက်ခံကုသပေး

**မြဝတီ မေ ၂**

ကရင်ပြည်နယ် မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးတွင် မတ် ၁၉ ရက်မှစတင်၍ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆေးရုံအုပ်ကြီး၊ လက်ထောက် ဆရာဝန်များနှင့် သူနာပြုဆရာမများဖြင့် နေ့စဉ် နေ့/ည ၂၄ နာရီဖွင့်လှစ်၍ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို လက်ခံကုသပေး လျက်ရှိသည်။

အဆိုပါပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာကိစ္စရပ်များကို ဆရာဝန် ကိုးဦး၊ သူနာပြုဆရာမ ၁၀ ဦးနှင့် အခြားအဆင့်ကျန်းမာရေးဝန်ထမ်း ၂၆ ဦးတို့က သတ်မှတ်ရက်များအလိုက် လူနာများကို ကြည့်ရှုကုသပေးလျက်ရှိရာ အရေးပေါ်ကျန်းမာရေးကိစ္စများကိုလည်း နေ့စဉ် နေ့/ညမပြတ်ကုသစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**မန်းသန်းရွှေမြင့်(ပြန်/ဆက်)**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉ ဒသမ ၅ သန်းကျော်ရှိလာ

**နယူးဒေလီ မေ ၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၂၄၈၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၉၅၅၇၄၅၇ ဦးအထိ ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားခဲ့သည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၆၈၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၁၅၅၄၂ ဦးအထိရှိလာကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၅၉၉၂၂၇၁ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၃၃၄၉၆၄၄ ဦးရှိကြောင်း သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉



ရောဂါကူးစက်ခံရသူ ၂၅၂၁၉ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၁၂ ဦးရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၆၅၅၉ ဦးအထိရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ပြည်သူ ၁၈၀၄၉၅၄ ဦးအား စမ်းသပ်စစ်ဆေးခဲ့ခြင်းကြောင့် လက်ရှိတွင် ပြည်သူစုစုပေါင်း ၂၉၀၁၄၂၃၉ ဦးအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၏ ဆေးဘက်ဆိုင်ရာသုတေသနကောင်စီက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မေ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီလအတွင်းက စတင်ခဲ့ရာ လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၅၆ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးဖြင့် ထိုးနှံမှုဆောင်ရွက်ခဲ့ပြီး ယင်းကာကွယ်ဆေးနှစ်မျိုးမှာ ဆီရမ်အင်စတီကျူမှ ထုတ်လုပ်သည့် Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Bharat Biotech International Limited မှ ထုတ်လုပ်သည့် Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် မေ ၁ ရက်တွင် ရုရှားနိုင်ငံထုတ် Sputnik-V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအသုတ်ကို လက်ခံရရှိခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အီရတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၀၇ သန်းကျော်ရှိလာ



**ဘဂ္ဂဒက် မေ ၂**

အီရတ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၁၆၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၀၇၀၃၆၆ ဦးအထိရှိလာခဲ့ကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် အီရတ်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၃ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၅၄၉၈ ဦးအထိရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၇၂၉၅ ဦးရှိခဲ့ခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၉၄၉၃၄၁ ဦးအထိရှိလာကြောင်း သိရသည်။

အီရတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစတင်ကာ နိုင်ငံတစ်ဝန်းတွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ပြည်သူ ၉၃၆၇၃၈၈ ဦးအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အီရတ်နိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုထားပြီး AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် Sputnik-V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတို့ကိုလည်း ဆက်လက်အတည်ပြုသွား မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်နေခြင်းကြောင့် နယ်စပ်ဒေသများအား မေလတစ်လလုံး ပိတ်ထားမည်

**ဆန်တီယာဂို မေ ၂**

ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်နေခြင်းကြောင့် နယ်စပ်ဒေသများအား မေလတစ်လလုံး ပိတ်ထားမည်ဖြစ်ကြောင်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ချီလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၄၆၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၂၀၄၇၅၅ ဦးအထိရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၁၃၆၈၁၆ ဦးအထိရှိလာကြောင်း သိရသည်။

ထို့ပြင် ချီလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၄ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၆၄၅၇ ဦးအထိရှိလာကြောင်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ချီလီနိုင်ငံ၌ မတ်လနှင့် ဧပြီလတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး လက်ရှိတွင် နိုင်ငံတစ်ဝန်း နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ၅၀၀၀ နှင့် ၇၀၀၀ အကြား ရှိကြောင်းလည်း သိရသည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်နေသည့်အတွက် ချီလီနိုင်ငံအစိုးရက နယ်စပ်ဒေသများအား ဆက်လက်ပိတ်ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူး၌ လောင်စာဆီယာဉ်တစ်စီးမီးလောင်မှုမှတစ်ဆင့် လောင်စာဆီတင်ယာဉ်နှင့် ကုန်တင်ယာဉ် အစီး ၅၀ ကျော် မီးလောင်ပျက်စီးခဲ့ရ

**ကဘူး မေ ၂**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး၌ လောင်စာဆီတင်ယာဉ်တစ်စီး မီးလောင်ခဲ့ရာမှတစ်ဆင့် အနီးဝန်းကျင်ရှိ လောင်စာဆီတင်ယာဉ်နှင့် ကုန်တင်ယာဉ်အစီး ၅၀ ခန့် မီးလောင်ကျွမ်းပျက်စီးခဲ့ရသည်။ အဆိုပါမီးလောင်မှုကြောင့် အနည်းဆုံး လေးဦးသေဆုံးခဲ့ပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိကာ ငါးဦး ပျောက်ဆုံးလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ လောင်စာဆီတင်ယာဉ်သည် မြို့တော်ကဘူးနှင့် နိုင်ငံ၏ မြောက်ဘက်ပိုင်းရှိ ခရိုင်များဆက်သွယ်ဖောက်လုပ်ထားသည့် အဝေးပြေးလမ်းမကြီး တစ်နေရာ၌ မီးလောင်ပျက်စီးခဲ့ခြင်း ဖြစ်သည်။ အဆိုပါလောင်စာဆီတင်ယာဉ် မီးလောင်မှုကြောင့် ကဘူးမြို့အတွင်းသို့ ဝင်ရောက်ရန် ရပ်နားထားသည့် လောင်စာဆီတင်ယာဉ်နှင့် ကုန်တင်ယာဉ် အစီး ၅၀ သည်လည်း မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့ပြင် အခင်းဖြစ်ပွားရာနေရာနှင့် အနီးဝန်းကျင်ရှိ လောင်စာဆီအရောင်းဆိုင်၊ ဈေးဆိုင်များနှင့် လူနေအိမ် အများအပြား မီးလောင် ပျက် စီး ခဲ့ ရ ကြောင်း သိရသည်။



မီးသတ်သမားများက အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာကာ မီးငြိမ်းသတ်ခဲ့ပြီး ကယ် ဆယ် ရေး လုပ် ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ လောင်စာဆီတင်ယာဉ် မီးစတင်လောင်ကျွမ်းမှု၏ အကြောင်းရင်းမှာ ဗုံးပေါက်ကွဲမှုကြောင့် ဖြစ်ဖွယ်ရှိကြောင်းနှင့် ယင်းဖြစ်ရပ်သည် အကြမ်းဖက်လုပ်ရပ်တစ်ခုဖြစ်ပါကြောင်း လောင်စာဆီတင် ယာဉ်မောင်းနှင်သူတစ်ဦးက ရဲအရာရှိများအား ပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်ကြောင့် လမ်းမီးတိုင်များ ထိခိုက်ပျက်စီးသွားခဲ့ရသည့်အတွက် အနီးဝန်းကျင်ရှိနေရာများအား လျှပ်စစ်ဓာတ်အားထောက်ပံ့ပေးမှုကို ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ ဘာသာပြန်-အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ သန်း ၁၀၀ ကျော်ရှိပြီဖြစ်

**ဝါရှင်တန်  မေ ၂**

အမေရိကန်နိုင်ငံ၌ မေ ၁ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ သန်း ၁၀၀ ကျော်ရှိပြီဖြစ်ကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပြီးသူ အရေအတွက်သည် နိုင်ငံလူဦးရေ၏ ၃၀ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ အမေရိကန်ပြည်သူ ၁၄၄ သန်းကျော် (၄၃ ဒသမ ၆ ရာခိုင်နှုန်း)သည် ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူများဖြစ်ကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးသူများအနက် ၃၇ သန်းကျော်သည် အသက် ၆၅ နှစ်နှင့် အထက်အရွယ်များဖြစ်ပြီး အဆိုပါအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၆၈ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံတစ်ဝန်းရှိ ကာကွယ်ဆေးထိုးနှံရေးစင်တာများသို့ ကာကွယ်ဆေးအလုံးရေ ၃၀၈ သန်းကျော် ဖြန့်ဖြူးပေးထားပြီးဖြစ်သည်။ ယင်းတို့အနက် ကာကွယ်ဆေးအလုံးရေ သန်း ၂၄၀ ခန့် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဧပြီလ မကုန်မီအချိန်တွင် ပြည်သူ သန်း ၂၀၀ ခန့်အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ရမည်ဟု ကတိပြု ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၌ လွန်ခဲ့သော ဒီဇင်ဘာလကစပြီး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိခဲ့သည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ အရေးပေါ် သုံးစွဲခွင့်ပြုထားသော ကာကွယ်ဆေးသုံးမျိုးဖြစ်သည့် အမေရိကန်ဆေးဝါးကုမ္ပဏီနှင့် ဂျာမနီဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ အမေရိကန်ဆေးဝါးကုမ္ပဏီမှထုတ်လုပ်သည့် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် Johnson&Johnson ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Janssen တို့ကို အသုံးပြုလျက်ရှိသည်။

အမေရိကန်နိုင်ငံ၌ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၂၇ သန်း၊ Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀၄ သန်းနှင့် Janssen ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၈ ဒသမ ၂ သန်းတို့ကို ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**





## အာဂျင်တီးနားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၅၀၂ ဦးရှိ

**ဗျူနိုအေးရိစ်  မေ ၂**

အာဂျင်တီးနားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၅၀၂ ဦးရှိခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၁ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၉၉၃၈၆၅ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၄၀၉၆ ဦးရှိလာကြောင်း အာဂျင်တီးနားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၂၆၅၃၅၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ ၂၇၄၄၁၀ သာ ကျန်ရှိကြောင်းလည်း သိရသည်။

အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် သိသိသာသာမြင့်တက်လာခြင်းကြောင့် အာဂျင်တီးနားအစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာအသွားအလာကန့်သတ်မှု စည်းကမ်းချက်များကို မေ ၂၁ ရက်အထိ သက်တမ်းတိုးမြှင့်ခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၆၉၆၄ ဦး ထပ်မံတွေ့ရှိ

**ဆော်ပေါ်လို  မေ ၂**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၆၉၆၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါရောဂါကြောင့် ၂၆၅၆ ဦးထပ်မံသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၄၇၂၅၉၇၅ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၀၆၄၃၇ ဦး ရှိကြောင်း သိရသည်။

ဧပြီလအတွင်း နေ့စဉ်သေဆုံးမှုအရေအတွက်သည် ၃၀၀၀ ကျော်ရှိခဲ့ပြီး လွန်ခဲ့သောရက်သတ္တပတ်အတွင်း နေ့စဉ်သေဆုံးမှုအရေအတွက် ပျမ်းမျှအားဖြင့် ၂၄၂၁ ဦးရှိခဲ့ကြောင်း တွေ့ရှိရသည်။

နိုင်ငံအတွင်းရှိ မြို့တော်များအနက် ဆော်ပေါ်လိုမြို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒဏ်ကို ဆိုးရွားစွာခံစားရပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၉၁၈၀၄၄ ဦးရှိပြီး သေဆုံးသူ ၉၆၉၄၁ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## ရုရှားထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ် အိန္ဒိယလက်ခံရရှိ

**နယူးဒေလီ  မေ ၂**

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို ယမန်နေ့က လက်ခံရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ယမန်နေ့က ရုရှားနိုင်ငံမှ အိန္ဒိယနိုင်ငံ တောင်ပိုင်း တယ်လန်ဂန်နာပြည်နယ်၏မြို့တော် ဟိုက်ဒရာဘတ်မြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် အိန္ဒိယအစိုးရ၏ ကြိုးပမ်းလုပ်ဆောင်မှုကို အဆင်ချောမွေ့စေတော့မည်ဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာရင်ဒမ်ဘာ့ခ်ချီက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

ယခုလက်ခံရရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၅၀၀၀၀ သည် ပထမအသုတ်အဖြစ် လက်ခံရရှိခဲ့ခြင်းဖြစ်ပြီး ကာကွယ်ဆေးအလုံးရေ သန်းနှင့်ချီ မကြာမီထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း ဘာ့ခ်ချီက ဆက်လက်ပြောကြားသည်။

အိန္ဒိယတာဝန်ရှိသူများသည် အဆိုပါ ကာကွယ်ဆေးများကို ဟိုက်ဒရာဘတ်မြို့ရှိ ဒေါက်တာရက်ဒီ၏ ဓာတ်ခွဲခန်းများသို့ ပို့ဆောင်သွားမည်ဖြစ်သည်။ ဟိုက်ဒရာဘတ်မြို့ရှိ ဒေါက်တာရက်ဒီ၏ ဓာတ်ခွဲခန်းများသည် အိန္ဒိယနိုင်ငံအတွင်း Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရန် ရုရှားနိုင်ငံ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့နှင့် လက်တွဲထားသည့်အဖွဲ့ ဖြစ်သည်။

အိန္ဒိယအစိုးရသည် Covaxin နှင့် Covishield ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးကို ပြည်တွင်း၌အရေးပေါ် သုံးစွဲရန်အတွက် အတည်ပြုခဲ့သည်။ Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် အိန္ဒိယနိုင်ငံအတွင်း အရေးပေါ် သုံးစွဲရန် တတိယမြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်လာမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပြီး နေ့စဉ် ရောဂါကူးစက်မှုနှုန်း စံချိန်တင်မြင့်မားနေစဉ် ယခုကဲ့သို့ ရုရှားထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

အိန္ဒိယဆေးဘက် အာဏာပိုင်များသည် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ပြည်တွင်းထုတ် Covishield နှင့် Covaxin ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်မျိုးဖြင့် ယခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင် ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်အထိ ကာကွယ်ဆေး အလုံးရေ ၁၅၆ သန်းကျော် သုံးစွဲခဲ့ပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီ အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၂၄၈၈ ဦး တွေ့ရှိပြီး ထိုရောဂါဖြင့် ၃၆၈၉ ဦး ထပ်မံသေဆုံးခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၁၉ သန်းကျော်နှင့် ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၂၁၅၅၄၂ ဦး ရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ဂျေတီ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၅၂၉၂၅၂၂၉ | ဦး |
| သေဆုံးသူ | ၃၂၀၈၆၇၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၃၀၂၃၇၅၃၅ | ဦး |

# တနင်္သာရီတိုင်းဒေသကြီး၏ လယ်ယာသားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေး ကျင်းပ





**နေပြည်တော် မေ ၂**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေးကူညီအားပေး ဆောင်ရွက်ရာ၌ ငွေကြေးအရင်းအနှီး၊ မျိုး၊ သွင်းအားစုနှင့် နည်းပညာများအပြင် တောင်သူများ အဓိကလိုအပ်သည့် ဈေးကွက်သေချာမှုရှိစေရေးကိုပါ ထည့်သွင်းစီမံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း မေ ၁ ရက် နံနက်ပိုင်းက မြိတ်မြို့ ပုလဲသန္တာခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး၏ လယ်ယာသားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

**ဦးတည်ကြိုးပမ်းလျက်ရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့ရသည့် နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ဦးမော့လာစေရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အခြေခံကျသည့် လယ်ယာသားငါးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် တန်ဖိုးမြင့်ကုန်ချောများအဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေးကို ဦးတည်ကြိုးပမ်းလျက်ရှိကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်တို့အနေဖြင့် သမားရိုးကျလုပ်ရိုးလုပ်စဉ်ကဲ့သို့ သဘောမထားဘဲ မိမိဒေသ ရေ၊ မြေ၊ ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိစေပြီး ဈေးကွက်အလားအလာရှိသော စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များ ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဒေသနေပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးကို မျှော်မှန်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးအတွက် ကွဲပြားခြားနားသည့် စိုက်ပျိုးမှု ပတ်ဝန်းကျင်အခြေအနေရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အေးချမ်းသာယာမှုနှင့် စီးပွားရေးဖွံ့ဖြိုးမှုရှိရန်လိုအပ်ကြောင်း၊ သို့မှသာ ဒေသနေပြည်သူများ၏ အလုပ်အကိုင် ဝင်ငွေ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းများ မြင့်မားလာမည်ကို အထူးသတိပြုကြရမည်ဖြစ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် စားအုန်းဆီစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ ရော်ဘာ၊ ကိုကိုးနှင့် အခြားဥယျာဉ်ခြံသီးနှံ နှစ်ရှည်ပင်များ၊ ရာသီသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်သည့်အပြင် ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းနှင့် ရေထွက်ကုန်များ စုံလင်စွာဖြင့် စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် ဝိသေသကောင်းများရှိနေပြီးဖြစ်ရာ သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ပြီး ပုဂ္ဂလိကကဏ္ဍနှင့် ဟန်ချက်ညီစနစ်တကျ အားပေးကူညီဆောင်ရွက်နိုင်ပါက ကာလတိုအတွင်း သိသာသော ပြောင်းလဲတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

အိမ်နီးချင်းနိုင်ငံများနှင့် တူမျှသည့် ရာသီဥတုအခြေအနေရှိနေမှုအရ ကြက်၊ ဝက်၊ ဆိတ်နှင့် နို့စားနွားတိုးချဲ့မွေးမြူရေး၊ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများတွင် သုတေသနနှင့် ခေတ်မီနည်းစနစ်များကို အသုံးချ၍ ပုဂ္ဂလိကအခန်းကဏ္ဍ တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်လာစေရေးအတွက် ဆက်စပ်အားပေးရန် လိုအပ်ကြောင်း။

**ဆွေးနွေးပြောကြား**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေး ကူညီအားပေးဆောင်ရွက်ရာ၌ ငွေကြေးအရင်းအနှီးနှင့် တောင်သူများ အဓိကလိုအပ်သည့် ဈေးကွက်သေချာမှုရှိစေရေးကိုပါ ထည့်သွင်းစီမံဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အဆိုပါ လိုအပ်ချက်များ စနစ်တကျဖော်ဆောင်ပေးနိုင်ရန် ထုတ်ကုန်တူရာအချင်းချင်း၊ စိုက်ပျိုးမွေးမြူလုပ်ကိုင်မှု တူရာအချင်းချင်းစုပေါင်း၍ သမဝါယမအသင်းများ ဖွဲ့စည်းထူထောင်ပေးရန် လိုအပ်ကြောင်း၊ သို့မှသာ အရင်းအနှီး တောင့်တင်းခိုင်မာခြင်း၊ လုပ်ငန်းတိုးချဲ့ရန် ချေးငွေလွယ်ကူစွာရယူနိုင်ခြင်း၊ အရည်အသွေးတူ ထုတ်ကုန်များ စုပေါင်းထုတ်လုပ်နိုင်သဖြင့် လက်ကားဈေးကွက်သို့ တိုက်ရိုက်ဝင်ရောက်နိုင်သဖြင့် ဈေးကွက်အကျိုးအမြတ်ကိုပါ ခံစားနိုင်ကြမည်ဖြစ်၍ တောင်သူများအတွက် အကျိုးကျေးဇူးပိုမိုရရှိစေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကြီးက တိုင်းဒေသကြီး၏ လယ်ယာသားငါးထုတ်လုပ်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်တို့က ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်တို့သည် မြိတ်ခရိုင် ကျွန်းစုမြို့နယ်ရှိ မရွှေဥကျွန်းနှင့် ပထော်ပထက်ကျွန်းများသို့သွားရောက်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ GAP စနစ်ဖြင့် မွေးမြူထုတ်လုပ်လျက်ရှိသည့် ကဏန်းနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများ၊ ယင်းလုပ်ငန်းဧရိယာအတွင်း ဒီရေတောများ ထိန်းသိမ်းထားမှုလုပ်ငန်းများကိုလည်းကောင်း၊ ငါးမှုန့်စက်ရုံနှင့် စားသုံးကုန်ပစ္စည်းအတွက် ထုတ်လုပ်လျက်ရှိသည့် စံချိန်မီ ရေခဲစက်ရုံ၊ ပုစွန်နှင့် ကဏန်းပျော့ အေးခဲထုပ်ပိုး စက်ရုံများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ညပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါး၊ ပုစွန်လုပ်ငန်းရှင်များ၊ ဆီအုန်းလုပ်ငန်းရှင်များနှင့် ရော်ဘာလုပ်ငန်းရှင်များကို တွေ့ဆုံ၍ လုပ်ငန်းရှင်များ၏ လတ်တလောအခက်အခဲနှင့် ရေရှည်ဆောင်ရွက်ရန် လိုအပ်ချက်များ လုပ်ငန်းသုံးမြေများ ဥပဒေနှင့်အညီဖြစ်စေရေး၊ နိုင်ငံတကာအဆင့်မီ ငါးလေလံဈေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

**သီးနှံစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိ**

တနင်္သာရီတိုင်းဒေသကြီးတွင် စိုက်ပျိုးနိုင်သော မြေဧရိယာဧကဆယ်သိန်းကျော်ရှိပြီး မိုးစပါးစိုက်ဧက နှစ်သိန်းကျော်၊ ရော်ဘာစိုက်ဧကသုံးသိန်းကျော်၊ ဆီအုန်းစိုက်ဧက လေးသိန်းကျော်အပါအဝင် သီးနှံစုံစိုက်ပျိုးထုတ်လုပ်လျက်ရှိကာ သီးနှံစိုက်စွမ်းအား ၁၃၆ ရာခိုင်နှုန်းကျော်ရှိသည်။ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ် GAqP စနစ်ဖြင့် ကဏန်းနှင့် ပုစွန်မွေးမြူရေးလုပ်ငန်းဧက ငါးရာကျော်ရှိပြီး ကမ်းနီးငါးဖမ်း ငါးသယ်ရေယာဉ် အစင်းရေ တစ်သောင်းကျော်၊ ဒေသခံကမ်းဝေးရေယာဉ် လေးရာကျော်၊ ဂရမ်ကြီး ကမ်းဝေးရေယာဉ် ကိုးရာကျော်တို့ဖြင့် ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်ငါးသယံဇာတပြုန်းတီးမှု ကာကွယ်ရေးအတွက် VMS စနစ်ဖြင့် ငါးဖမ်းရေယာဉ် တည်နေရာစောင့်ကြည့်ထိန်းချုပ်ရေးကိုလည်း ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပဲခူးစက်မှုဇုန်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၂**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပဲခူးစက်မှုဇုန်မှ လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးမြို့ ညောင်အင်းလမ်းထိပ် ရပ်ကွက်ကြီး (၅)ရှိ ဥသာကျော်ဟိုတယ်၌ ပြုလုပ်သည်။

ဆွေးနွေးပွဲသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ပဲခူးတိုင်းစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီးမှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်မှုဇုန်လုပ်ငန်းရှင်များ၊ စီးပွားရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော စက်မှုဇုန်လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက ကုန်သွယ်မှုဆိုင်ရာကိစ္စများ၊ လုပ်ခလစာငွေထုတ်ယူရရှိရေးကိစ္စရပ်များ၊ စက်ရုံများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများဝယ်ယူနိုင်ရန် ငွေသားထုတ်ယူနိုင်ရေးကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များနှင့် လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသော ကိစ္စရပ်များကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးတင်ပြကြသည်။

စက်မှုဇုန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဘဏ်လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်းကောင်း၊ လုပ်ခလစာ ထုတ်ယူရရှိနိုင်ရေးနှင့် ကုန်ကြမ်းပစ္စည်းဝယ်ယူနိုင်ရန် ငွေသားထုတ်ယူရရှိနိုင်ရေးကိစ္စရပ်များအပေါ် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ၊ ဘဏ်လုပ်ငန်းဆိုင်ရာ OSS Bank အဖွဲ့နှင့် စက်မှုဇုန် OSS အဖွဲ့တို့က ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

စက်မှုဇုန်လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများနှင့်ပတ်သက်၍ အခက်အခဲများဖြစ်ပေါ်ပါက လုပ်ငန်းကော်မတီ တယ်လီဖုန်းအမှတ် ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆၊ ၀၉-၆၆၄၅၉၆၃၂၇ များသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကယားပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့မှုများဆောင်ရွက်



**နေပြည်တော် မေ ၂**
ကယားပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်းအခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ရှိ ကယားပြည်နယ်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်ထွန်းနိုင်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ မြို့မိမြို့ဖများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအပိုင်းတွင် ၎င်းတို့တည်ထောင်ဖွင့်လှစ်ထားရှိသော ပရဟိတဂေဟာများနှင့် ဘိုးဘွားရိပ်သာများအတွက် ထောက်ပံ့ငွေပေးအပ်လျက်ရှိပါကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအပိုင်းတွင် ၂၀၁၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်နှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ (၂၀၁၆)ပါ သက်ကြီးရွယ်အိုများ ဝင်ငွေလုံခြုံမှုရရှိစေရေးတို့အတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ်အဖြစ် အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများကို တစ်ဦးကို တစ်လလျှင် ကျပ် တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးရာ နောက်ပိုင်းတွင် အကျုံးဝင် အသက်ကို အသက် (၉၀)မှ အသက် (၈၅) နှစ်သို့ လျှော့ချ၍ ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

ယနေ့အခမ်းအနားတွင် မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအစီအစဉ်ပါဝင်သည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့် အခြေအနေများကို အနည်းငယ် ဖြည့်စွက်ရှင်းလင်းတင်ပြလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအား အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံတကာစံနှုန်းများကို ပြည့်မီစေနိုင်ရန် မသန်စွမ်းသူများအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေနှင့်အညီ နည်းဥပဒေများ (၂၀၁၇)ကို ရေးဆွဲချမှတ်ခဲ့ပါကြောင်း၊ ယင်းဥပဒေ၊ နည်းဥပဒေများကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီ၊ လုပ်ငန်းကော်မတီများအပြင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကော်မတီများတွင် ဆက်စပ်ဝန်ကြီးဌာနများအပြင် မသန်စွမ်းမှုဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ မသန်စွမ်းသူများ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်း၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများက ဖွင့်လှစ်သည့် သင်တန်းများ၊ အများပြည်သူအတွက် ထောက်ပံ့ပေးသည့်ဝန်ဆောင်မှုများ ရရှိခံစားနိုင်ရေးအတွက် မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းလုပ်ငန်း စနစ်တစ်ရပ်ပေါ်ထွက်လာစေရန်အတွက် ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGO၊ NGO များ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းများ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ ဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရေး၊ ထိခိုက်လွယ်အုပ်စုများကို ပိုမိုပံ့ပိုးနိုင်ရေး၊ ဝန်ကြီးဌာနအနေဖြင့် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အခြေခံကျသော စာရင်းဇယားအချက်အလက်များ ရရှိနိုင်ရေးနှင့် အကျိုးခံစားခွင့်ရှိသည့် ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့နိုင်ရေးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့် ဒေသအာဏာပိုင်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် တိုင်းဒေသကြီး /ပြည်နယ်များမှ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဆက်လက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က အမှာစကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကယားပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေကျပ် ၇၁၇ ဒသမ ၂၄ သိန်း၊ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၈၆၈ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၂၆၀ ဒသမ ၄ သိန်း၊ ကယားပြည်နယ်အတွင်းရှိ မသန်စွမ်းသူ ၁၁၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၃ ဒသမ ၉ သိန်း ထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၀၁၁ ဒသမ ၅၄ သိန်းကို ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများက မြို့နယ်အလိုက်စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များထံ အဆိုပါထောက်ပံ့ငွေများကို ဆက်လက်ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ကောင်စီဥက္ကဋ္ဌတို့သည် လူမှုရေးပင်စင်ထောက်ပံ့ငွေများကို တက်ရောက်လာသည့် အသက် ၈၅ နှစ်အထက် ဘိုးဘွားများထံ လက်ဝယ်အရောက်ဆက်လက်ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တက်ရောက်လာသူများကိုယ်စား လွိုင်ကော်မြို့ တပ်ဦးပရဟိတဂေဟာမှ ဂေဟာကော်မတီဥက္ကဋ္ဌ ဦးစန်းတင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကယားပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပသည့် လွိုင်ကော်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ကြားကာလအစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ရမှု အခြေအနေများနှင့် လတ်တလောဆောင်ရွက်ချက်များ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ထားရှိအပ်သော ခံယူချက်သဘောထားနှင့် ဝန်ကြီးဌာန၏ လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဝန်ထမ်းများက တင်ပြလိုသည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် ဖယ်ခုံမြို့ ပြန်လည်ထူထောင်ရေးဦးစီးဌာနလက်အောက်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ဖယ်ခုံ)သို့ရောက်ရှိရာ စခန်းအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဝန်ကြီးဌာနဘတ်ဂျက်ဖြင့် ပိုင်ဖြိုးခန့်ကုမ္ပဏီမှ ငွေကျပ် ၅၆ ဒသမ ၅၅၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော စခန်းအဝင်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စခန်းတာဝန်ခံနှင့် တာဝန်ယူဆောင်ရွက်နေသည့်ကုမ္ပဏီမှ တာဝန်ရှိသူက ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အရည်အသွေးကြံ့ခိုင်ကောင်းမွန်ရေး၊ သတ်မှတ်လျာထားသည့်အတိုင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# (၇၅)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင်များအား ကန်တော့ခြင်းအခမ်းအနား ကျင်းပ



**မန္တလေး မေ ၂**
၂၀၂၂ ခုနှစ် မေ ၅ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မေ ၁ ရက် နံနက် ၈ နာရီတွင် ချမ်းအေးသာစံမြို့နယ် (၂၉x၈၁)လမ်းထောင့်ရှိမန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး (ဗဟိုမီးသတ်) မီးသတ်မျှော်စင်တွင် ဆိုင်းဘုတ်တင်ခြင်း အခမ်းအနား၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ သန္ဓေ(အငြိမ်းစား)မီးသတ်ဝန်ထမ်းဟောင်းများနှင့် အသက် ၇၀ အထက်ရှိသော လက်ရှိတာဝန်ထမ်းဆောင်နေသူ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ကန်တော့ခြင်း အခမ်းအနားတို့ကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် မန္တလေးခရိုင် အရန်ကြီးကြပ်ကော်မတီဝင်များ၊ မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

မန်း(ကိုယ်ပွား)

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ

## စီစီဝမ်တာပန်တိုက်ပွဲကြားမှ စေတနာမိခင် ကရုဏာရှင် ဒေါ်အမ်ယောနမ်

**လင်းအောင်**

**အေးချမ်းသော်လည်း မအေးချမ်းခဲ့သည့် သွေးချင်းတို့ဌာနေ ရွှေလီမြေ**

အချိန်ကာလ - ၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ။

မြောက်ပိုင်းရှမ်းပြည်နယ်၏ ဆောင်းရာသီ။

တည်ငြိမ်ရိုးသားစွာ နေထိုင်အသက်မွေးကြသည့် တိုင်းရင်းသားသွေးချင်းများနေထိုင်ရာ ရှမ်းပြည်နယ် မြောက်ပိုင်းနယ်မြေတွင် ၁၉၆၉-၁၉၇၀ ခုနှစ်နောက်ပိုင်းမှစတင်၍ ဗမာပြည်ကွန်မြူနစ်ပါတီ၏ နိုင်ငံရေး၊ စစ်ရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရန် ခြိမ်းခြောက်ကြိုးပမ်းလှုပ်ရှားမှုများကြောင့် ဒေသ၏ တည်ငြိမ်အေးချမ်းမှုမှာ နှစ်စဉ်ခြိမ်းခြောက်ခံရလျက်ရှိနေခဲ့သည်။

ဗကပတို့သည် တစ်ဖက်နိုင်ငံ၏ ကူညီထောက်ပံ့မှုများဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မိမိနိုင်ငံ ပိုင်နက်နယ်မြေနှင့် တပ်စခန်းများကို စိုးမိုးသိမ်းပိုက်ရန် စဉ်ဆက်မပြတ်ကြိုးပမ်းခဲ့ရာ တပ်မတော်သည် ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့မှ ဒီဇင်ဘာလ ၂၈ ရက်နေ့အထိ သံလွင်မြစ်ကူး ကွမ်းလုံတံတားရှိရာ ကွမ်းလုံမြို့တွင် ကွမ်းလုံရက် ၄၀ တိုက်ပွဲကြီးဖြင့်လည်းကောင်း၊ ၁၉၇၇ ခုနှစ် ဧပြီလ၌ မိုးမိတ်မြို့တိုက်ပွဲနှင့် အောက်တိုဘာလ၌ ခြူးရွှေ၊ ပန်ကောက်စခန်း တိုက်ပွဲများဖြင့်လည်းကောင်း၊ ၁၉၇၈ ခုနှစ် မတ်လတွင် တန့်ယန်းနယ်မြေ နောင်လိုင် - ပါဖန်နှင့် ပွိုင့် ၆၀၄၁ လွယ်စန့်ဒေသ တိုက်ပွဲများဖြင့်လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် တန့်ယန်းနယ်မြေ မန်ခူး - ဆွတ်ကွေ့စခန်း တိုက်ပွဲများဖြင့်လည်းကောင်း အကြိမ်ကြိမ် ရင်ဆိုင်တိုက်ပွဲဝင်လျက် အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ထိန်းသိမ်းကာကွယ်ခဲ့ရသည်။

၁၉၈၆ ခုနှစ်တွင် တစ်ဖက်နိုင်ငံ၏ ခေါင်းဆောင်ပိုင်းနှင့် မူဝါဒအပြောင်းအလဲများကြောင့် ဗကပတို့အပေါ် ကူညီထောက်ပံ့မှုများကို ဖြတ်တောက်ခဲ့ရာ ဗကပတို့သည် ကိုယ့်ခြေထောက်ပေါ် ရပ်တည်ရေးအတွက် စတင်ကြိုးပမ်းလာခဲ့ရသည်။ ဤအခြေအနေတွင် ၁၉၇၉ ခုနှစ်၌ မုံးကိုးတွင် စတင်ဖွဲ့စည်းခဲ့သော ဗကပမြောက်ပိုင်းဗဟိုခွဲခေါ် မြောက်ပိုင်းဗျူရို၏ အတွင်းရေးမှူးအဖြစ် ဦးဆောင်လာခဲ့သည့် ဗကပ ဗဟိုကော်မတီဝင် ရဲဘော်အောင်ခေါ် အသားမည်းမျိုးမြင့်သည် ဒုအတွင်းရေးမှူး ရဲဘော်ဘသန်း၊ ကော်မတီဝင် ရဲဘော်စိုင်းအောင်ဝင်းတို့နှင့်အတူ ရှမ်းပြည်နယ်မြောက်ပိုင်း၌ နယ်မြေသိမ်းတိုက်ပွဲကြီးတစ်ခုဆင်နွှဲရန် **"နိုင်" စစ်ဆင်ရေး** ဟုအမည်ပေးထားသည့် စစ်ရေးစီမံချက်ကို ရေးဆွဲပြင်ဆင်ပြီး ဗကပဗဟိုသို့ တင်ပြခွင့်ပြုချက် ရယူခဲ့သည်။

ဗကပမြောက်ပိုင်းဗျူရို၏ အဆိုပါစီမံချက်အရ တစ်ဖက်နိုင်ငံက ထောက်ပံ့ပေးထားခဲ့သည့် လက်နက်ကြီး၊ လက်နက်ငယ်၊ ခဲယမ်းများနှင့်တိုင်းရင်းသားအင်အားစုများကို စုစည်းအသုံးချလျက် နှစ်နိုင်ငံနယ်စပ်ရှိ မဟာဗျူဟာအရ စိုးမိုးထားသည့် စီစီဝမ်တာပန်တောင်ကြောဒေသကို တိုက်ခိုက်သိမ်းပိုက်ခြင်းဖြင့် ကွတ်ခိုင် -မူဆယ်ကားလမ်းကို ထိန်းချုပ်ရန်၊ ထိုမှတစ်ဆင့် မူဆယ်-နမ့်ခမ်းဒေသကို စိုးမိုးသိမ်းပိုက်ပြီး သီးခြား လွတ်မြောက်နိုင်ငံအဖြစ် ကြေညာရန် အဆင့်ဆင့်ရည်မှန်းထားခဲ့သည်။

**စစ်မီးလျှံကြားမှ ကချင်တိုင်းရင်းသူ ကျန်းမာရေးဝန်ထမ်း သူနာပြုတစ်ဦး**

စီစီဝမ်တာပန်တိုက်ပွဲကာလအတွင်း ဒဏ်ရာရ စစ်သည်များ၊ ဒေသခံတိုင်းရင်းသားများအား စွမ်းစွမ်းတမံ ကယ်တင်စောင့်ရှောက်မှုကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒုတိယ မြောက် ဖလော်ရင့် နိုက်တင်ဂေးဆုရှင်ဖြစ်လာမည့် ကချင်တိုင်းရင်းသူ သူနာပြုဆရာမကြီး ဒေါ်အမ်ယောနမ်ကို ၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် အဖ ဦးအမ်လုပ်ယော်၊ အမိ ဒေါ်အယ်နမ်တောင်တို့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဖွားမြင်ခဲ့သည်။

ဒေါ်အမ်ယောနမ်သည် အသက် ၁၈ နှစ်အရွယ် ၁၉၆၂ ခုနှစ်တွင် နမ့်ခမ်းမြို့ရှိ သာသနာပြုဆေးရုံတွင် သူနာပြုနှင့် သားဖွားသင်တန်းသို့ စတင်တက်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် သူနာပြုသင်တန်း ဆက်လက်တက်ရောက်အောင်မြင်ခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ လားရှိုးမြို့ ပြည်သူ့ဆေးရုံတွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်၊ သီပေါ၊ သိန္နီပြည်သူ့ဆေးရုံများတွင် အဆင့်ဆင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

စီစီဝမ်တာပန်တိုက်ပွဲကြီး စတင်ဖြစ်ပွားတော့မည့် ၁၉၈၆ ခုနှစ် နိုဝင်ဘာလအတွင်း မူဆယ်ပြည်သူ့ဆေးရုံမှ အထက်တန်းသူနာပြု ဒေါ်အမ်ယောနမ်သည် ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ တာဝန်ပေးအပ်ချက်အရ သိန္နီမြို့သို့ သွားရောက်လျက် သိန္နီပြည်သူ့ဆေးရုံတွင် ဖွင့်လှစ်သော အရန်သားဖွားဆရာမသင်တန်းတွင် သင်တန်းသူ သားဖွားဆရာမလောင်းများကို သင်တန်းပို့ချပေးလျက်ရှိသည်။

**၁၆ -၁၁-၁၉၈၆ (တနင်္ဂနွေနေ့)**

၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့ နံနက် ၅ နာရီ ၁၅ မိနစ်တွင် မူဆယ်မြို့အထက် စီစီဝမ်တာပန်တောင်ကြောရှိ မိမိတပ်မတော် အမှတ်(၃) ခြေလျင်တပ်ရင်း၏ စစ်သည်အင်အားအနည်းဆုံးဖြစ်သည့် ရှေ့တန်းကာကင်းစခန်းငယ် မိချောင်း (၁) (၂) စခန်းများသို့လည်းကောင်း၊ မိချောင်း (၄) စခန်းနှင့် ရင်ဆိုင်ကုန်း၊ ဇော်ဝင်းကုန်း၊ ဘိန်းမုန့်ကုန်း ရှေ့ကာစခန်းများသို့လည်းကောင်း သာလွန်အင်အား ၈၀၀ဝ ကျော်ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ဗကပတို့သည် သာလွန်လူအင်အားသာမက ၅၇ မီလီမီတာ/ ၇၅ မီလီမီတာ နောက်ပွင့် ရိုင်ဖယ်၊ ပွိုင့်ဖိုက်စက်သေနတ်ကြီးများ၊ ၈၂ မီလီမီတာ/ ၁၂၀ မီလီမီတာ စိန်ပြောင်းကြီးငယ်များဖြင့် အလုံးအရင်းပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ ရှေ့တန်းကွပ်ကဲမှု အမှတ် (၉၉) တပ်မဌာနချုပ်ရှိရာ ကွတ်ခိုင်မြို့တွင် သာမက ဒေါ်အမ်ယောနမ် ရောက်ရှိနေသည့် သိန္နီမြို့အထိပါ ပေါက်ကွဲသံများကြားနေကြရသည်။

ဗကပတို့၏ တပ်ရင်း သုံးရင်းစီပါဝင်သည့် တပ်မဟာ (၁)၊ တပ်မဟာ(၂)၊ တပ်မဟာ(၃)၊ မြောက်ပိုင်း ဗဟိုခွဲ၏ တိုက်ရိုက်ကွပ်ကဲမှုတပ်ရင်း (၇၀၁)နှင့် လက်နက်ကြီးတပ်ရင်း တစ်ရင်းသာမက အရန်အင်အားအဖြစ် ထိုစဉ်က မဟာမိတ်ဖွဲ့ထားသည့် ကေအိုင်အေ တပ်မဟာ (၄)၊ မဒတမြောက်ပိုင်း စစ်ကြောင်းမှ တပ်ရင်း (၈၆၁) တို့၏ ပူးပေါင်းစုဖွဲ့မှုသာလွန်အင်အားဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် နံနက် (၀၉၄၅) နာရီ၌ ဇော်ဝင်းကုန်း၌ ကွပ်ကဲလျက် ခုခံတိုက်ခိုက်နေသော ရှေ့တန်းအမှတ် ၃ ခြေလျင်တပ်ရင်း၊ စစ်ကြောင်း ၂ မှ တပ်ခွဲမှူး ဗိုလ်ကြီး ထွန်းမြင့် စတင်ကျဆုံးခဲ့သည်။ ကျန်ရှိသော တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ဗကပတို့နှင့် အနီးကပ် လုံးစုပ်ထိုးတိုက်ပွဲများတွင် ကျဆုံးဒဏ်ရာရမှုများစွာဖြင့် ခုခံတိုက်ပွဲဝင်ခဲ့ကြသော်လည်း စစ်သည် ၁၀၀ ကျော် ကျဆုံးပြီး ထက်ဝက်ကျော် ဒဏ်ရာရရှိနေသည့်အပြင် လက်နက်ကြီးကျည်နှင့် ခဲယမ်းအင်အားနည်းပါး မလုံလောက်တော့မှုကြောင့် စစ်ကြောင်း ၂ မှူး ဗိုလ်မှူးကျင်လင်းသည် စခန်းများမှ ခေတ္တဆုတ်ခွာခွင့်ပြုရန် အထက်သို့ တင်ပြခွင့်ပြုချက် ရယူခဲ့ရသည်။

ထိုနေ့ညနေ (၁၇၃၀) နာရီတွင် အထက်ခွင့်ပြုချက်ဖြင့် ဒဏ်ရာရစစ်သည်များကို သယ်ဆောင်လျက် မိမိလက်နက်ကြီး ၈၁ မီလီမီတာစိန်ပြောင်း တစ်လက်ကို လျှို့ဝှက်စွာသိုဝှက်ထားခဲ့ပြီး စခန်းကို ခေတ္တစွန့်လွှတ်ခဲ့ရသည်။ (ဒီဇင်ဘာလ ၈ ရက်နေ့တွင် မိမိရှေ့တန်းအမှတ် ၇ ခြေလျင်တပ်ရင်းက ဘိန်းမုန့်ကုန်းကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်သည့်အခါ အဆိုပါ သိုဝှက်ထားခဲ့သော ၈၁ မီလီမီတာစိန်ပြောင်းကို ပြန်လည်ရရှိခဲ့ပါသည်။) ထိုနေ့ နိုဝင်ဘာလ ၁၆ ရက်နေ့ညနေတွင် စီစီဝမ်တာပန်တောင်ကြောရှိ အဓိကအကျဆုံး ခံစစ်စည်းဖြစ်သည့် ဘိန်းမုန့်ကုန်းကို စွန့်လွှတ်ခဲ့ရခြင်းနှင့်အတူ အရေးပါသော ရှေ့တန်းစခန်းများအားလုံးကို ဆုံးရှုံးသွားခဲ့ပြီ ဖြစ်သည်။

စာမျက်နှာ ၁၇ သို့■



သစ်လွင်သားဖွားဆရာမလေး
ဒေါ်အမ်ယောနမ် (၁၉၆၂ ခုနှစ်)

**ဒေါ်အမ်ယောနမ်သည် ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် မိမိမူလတာဝန်ကျရာ မိခင်ဌာန မူဆယ်ပြည်သူ့ဆေးရုံသို့ ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် စစ်ကူလိုက်လာသည့် ရှေ့တန်းအမှတ်(၄)ခြေလျင်တပ်ရင်း၏ တပ်မတော်ယာဉ်တန်းများကို အကူအညီတောင်းခံလျက် ရှေ့တန်းစစ်သည်များနှင့်အတူ လိုက်ပါလာခဲ့သည်။ လမ်းခရီးတွင် တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် နမ့်ဖတ်ကာရွာတွင်း၌ တပ်မတော်ယာဉ်တန်းနှင့်အတူ တစ်ညအိပ်စောင့်ဆိုင်းနေခဲ့ရပြီး ယခုကာလ သာမန်အချိန်တွင် နှစ်နာရီခန့် ခရီးဖြင့် ရောက်ရှိနိုင်သော သိန္နီ-မူဆယ်လမ်းခရီးကို တစ်ညနှင့် တစ်ရက်ကြာ ကြန့်ကြာနေခဲ့သည်။ နောက်ဆုံး၌ စီစီဝမ်တာပန်တိုက်ပွဲကြီး စတင်ဖြစ်ပွားပြီးခြောက်ရက်အကြာ နိုဝင်ဘာလ ၂၂ ရက် စနေနေ့တွင် ဒေါ်အမ်ယောနမ်သည် ဒဏ်ရာရလူနာများစွာဖြင့် ပြည့်ကျပ်နေသော မူဆယ်ဆေးရုံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး တာဝန်များ စတင်ထမ်းဆောင်နိုင်ခဲ့။**






စီစီဝမ်တာပန်တိုက်ပွဲဖြစ်ပွားခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင်နှင့် တိုက်ပွဲဖြစ်ပွားရာဒေသများ။

■ စာမျက်နှာ ၁၆ မှ

**မူဆယ်ပြည်သူ့ဆေးရုံ**

စီစီဝမ်တာပန်တိုက်ပွဲကြီး စတင်ဖြစ်ပွားချိန်၌ မူဆယ်ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြို့နယ်ဆရာဝန်ကြီးမှာ ဒေါက်တာဂျော်နီအောင် ဖြစ်သည်။ တိုက်ပွဲများ စတင်ဖြစ်ပွားပြီးသည်နှင့် မရှေးမနှောင်းမှာပင် ၁၅ ခုတင်ဆံ့ မူဆယ်ပြည်သူ့ဆေးရုံသို့ ဒဏ်ရာရတပ်မတော်သားများနှင့် ရှေ့တန်းလုပ်အားရှင်များသာမက တိုက်ပွဲကြောင့် ထိခိုက်ဒဏ်ရာရရှိလာသည့် ပတ်ဝန်းကျင်တောင်ပေါ်ရွာများမှ ဒေသခံ ရွာသူရွာသားများပါ ရောက်ရှိလာခဲ့ရာ ဆေးရုံခုတင်များအပေါ်တွင်သာမက ခုတင်အောက်ကြမ်းပြင်များ၊ ဆေးရုံဝရန်တာနှင့်ဆေးရုံအပြင်ဘက် မြေပြင်ပေါ်တွင်ပါ လဲလျောင်းညီးညူနေသောလူနာများ ပြည့်ကျပ်သွားခဲ့သည်။

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဂျော်နီအောင်သည် မူဆယ်ပြည်သူ့ဆေးရုံရှေ့ရှိ အမက(၂) စာသင်ကျောင်းကိုပါ ယာယီဆေးရုံအဖြစ် အသုံးပြုခဲ့ရပြီး ခုတင်မရှိသော မူလတန်းကျောင်းလေး၏ ကြမ်းပြင်တွင်ပါ ဒဏ်ရာရလူနာများကို စီတန်းချထားလျက် ကုသပေးခဲ့ရသည်။ ဒေါက်တာဂျော်နီအောင်သည် ဤအခြေအနေကို လားရှိုးရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ်ကျန်းမာရေးဦးစီးဌာနသို့ တင်ပြပြီး ဆရာဝန်နှင့်သူနာပြု ထပ်မံစေလွှတ်ရန် လိုအပ်လျက်ရှိကြောင်း တင်ပြတောင်းခံခဲ့သည်။(ရှမ်း/မြောက်)ပြည်နယ် ကျန်းမာရေးဦးစီးဌာနသည် လားရှိုးပြည်သူ့ဆေးရုံရှိ လက်ထောက်ဆရာဝန် ဒေါက်တာတင်ရန့်ဦးစီးသော ဆေးအဖွဲ့နှင့် သိန္နီဆေးရုံရှိ အထက်တန်းသူနာပြု ဒေါ်အမ်ယောနမ်ကို တပ်မတော်ယာဉ်တန်းအကြုံဖြင့် မူဆယ်သို့ စေလွှတ်မည်ဖြစ်ကြောင်း မူဆယ်သို့ အကြောင်းကြားခဲ့ပါသည်။

**ကျန်းမာရေးဝန်ထမ်းတစ်ဦး၏ တိုက်ပွဲများအကြား သိန္နီမှ မူဆယ်ခရီး**

သိန္နီပြည်သူ့ဆေးရုံတွင် ရောက်ရှိနေသော ဆရာမ ဒေါ်အမ်ယောနမ်သည် လက်ရှိဖွင့်လှစ်ထားသော အရန်သားဖွားဆရာမသင်တန်းကို ဆိုင်းငံ့ထားပြီး မူဆယ်သို့ အစောဆုံးယာဉ်တန်းအကြုံဖြင့် လိုက်ပါကာ မူဆယ်ဆေးရုံတွင် ပြန်လည်တာဝန်ထမ်းဆောင်ရန် ညွှန်ကြားချက်ကိုရရှိခဲ့သည်။ ပြည်နယ်ကျန်းမာရေးဌာနက ဒေါ်အမ်ယောနမ်အား သိန္နီပြည်သူ့ဆေးရုံမှ ပြန်လည်ထွက်ခွာရန် အကြောင်းကြားခဲ့ချိန်တွင် လားရှိုး-သိန္နီ-ကွတ်ခိုင်-မူဆယ်ကားလမ်းတစ်လျှောက်တွင် နယ်ဘက်မော်တော်ယာဉ်များ သွားလာမှု ရပ်ဆိုင်းသွားခဲ့ပြီဖြစ်ပြီး တိုက်ပွဲဖြစ်ပွားရာဒေသသို့ စစ်ကူလိုက်မည့် တပ်ရင်းတပ်ဖွဲ့ယာဉ်တန်းများသာ ချီတက်ထွက်ခွာလျက်ရှိသည်။

ဒေါ်အမ်ယောနမ်သည် လားရှိုးမှ မူဆယ်သို့ ထွက်ခွာလာသော ဒေါက်တာတင်ရန့်အား သိန္နီတွင်ရှိနေသော မိမိအား ဆေးအဖွဲ့နှင့်အတူ တစ်ပါတည်း ခေါ်ယူသွားနိုင်ရေးအတွက် အကြောင်းကြားခဲ့ရာ ဒေါက်တာတင်ရန့်က တိုက်ပွဲများ ဖြစ်ပွားနေသော လမ်းခရီးအခြေအနေအရလည်းကောင်း၊ သိန္နီမြို့၌ ယာဉ်တန်းဖြတ်သန်းချိန်တွင် ညအချိန်ဖြစ်နေလျှင်သော်လည်းကောင်း အထက်ညွှန်ကြားချက်များနှင့်အညီ အချိန်နှင့်တစ်ပြေးညီ ချီတက်နေသော တပ်မတော်ယာဉ်တန်းက ခေါ်ယူရန် မသေချာကြောင်း အကြောင်းပြန်ခဲ့သည်။

ဒေါ်အမ်ယောနမ်သည် ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် မိမိမူလတာဝန်ကျရာ မိခင်ဌာန မူဆယ်ပြည်သူ့ဆေးရုံသို့ ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် စစ်ကူလိုက်လာသည့် ရှေ့တန်း အမှတ်(၄)ခြေလျင်တပ်ရင်း၏ တပ်မတော်ယာဉ်တန်းများကို အကူအညီတောင်းခံလျက် ရှေ့တန်းစစ်သည်များနှင့်အတူ လိုက်ပါလာခဲ့သည်။



တိုက်ပွဲများအကြား ဒဏ်ရာရလူနာများကို စွန့်စွန့်စားစားသယ်ဆောင်နေသည့် မူဆယ်မြို့နယ်ကြက်ခြေနီလူငယ်မောင်မယ်များ။
(ဓာတ်ပုံ - ၇၅နှစ်မြောက် စိန်ရတုအထိမ်းအမှတ်မဂ္ဂဇင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း)

လမ်းခရီးတွင် တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် နမ့်ဖတ်ကာရွာတွင်း၌ တပ်မတော်ယာဉ်တန်းနှင့်အတူ တစ်ညအိပ်စောင့်ဆိုင်းနေခဲ့ရပြီး ယခုကာလသာမန်အချိန်တွင် နှစ်နာရီခန့် ခရီးဖြင့် ရောက်ရှိနိုင်သော သိန္နီ-မူဆယ်လမ်းခရီးကို တစ်ညနှင့် တစ်ရက်ကြာ ကြန့်ကြာနေခဲ့သည်။ နောက်ဆုံး၌ စီစီဝမ်တာပန်တိုက်ပွဲကြီး စတင်ဖြစ်ပွားပြီးခြောက်ရက်အကြာ နိုဝင်ဘာလ ၂၂ ရက် စနေနေ့တွင် ဒေါ်အမ်ယောနမ်သည် ဒဏ်ရာရလူနာများစွာဖြင့် ပြည့်ကျပ်နေသော မူဆယ်ဆေးရုံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး တာဝန်များ စတင်ထမ်းဆောင်နိုင်ခဲ့ပါသည်။

နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ တပ်မတော် (လေ) မှ ပီစီ ၇ တိုက်လေယာဉ်များသည် စီစီဝမ်တာပန်ဒေသသို့ အနီးကပ်လေကြောင်းပစ်ကူပေးတိုက်ခိုက်မှုများဖြင့် စတင်တိုက်ပွဲဝင်ခဲ့ရာ ဒေါ်အမ်ယောနမ် မူဆယ်သို့ရောက်ရှိသည့် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ရန်သူ့စစ်ဌာနချုပ်ဖြစ်သည့် မုံးပေါ်ရွာဒေသသို့ အနီးကပ် ပစ်ကူပေးတိုက်ခိုက်နေခဲ့ပြီဖြစ်သည်။ တိုက်ပွဲဖြစ်ပွားရာ တောင်ကြောများပေါ်တွင် တစ်ဖက်ရန်သူနှင့် မိမိတပ်မတော်၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အပြန်အလှန်တိုက်ခိုက်မှုများသာမက အမြောက်တပ်ဖွဲ့များ၏ ပစ်ကူပေး တိုက်ခိုက်မှုများ၊ လေကြောင်းပစ်ကူပေးတိုက်ခိုက်မှုများကြောင့် မူဆယ်တစ်မြို့လုံးသည် သိမ့်သိမ့်တုန်လျက် တိုက်ပွဲများအကြား ကျရောက်နေခဲ့ပြီဖြစ်သည်။

ဒေသတွင်း ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားနေသော ဤကဲ့သို့အခြေအနေမျိုးတွင် ဒေါ်အမ်ယောနမ်သည် အသက်အန္တရာယ်ကျရောက်မှု၊ ထိခိုက်ဒဏ်ရာရမှုများ အချိန်မရွေး ကျရောက်နိုင်သည်ကို သိရှိလျက်နှင့် အထက်မှပေးအပ်သော အမိန့်ညွှန်ကြားချက်ကို နာခံပြီး မိမိ၏မူလတာဝန်ကျနေရာ မူဆယ်ပြည်သူ့ဆေးရုံသို့ မရောက်ရောက်အောင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ခြင်းသည်ပင် နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦး၏ မြင့်မားသောဂုဏ်သိက္ခာ၊ ကျန်းမာရေးဝန်ထမ်းကောင်းတစ်ဦး၏ မြင့်မြတ်သောဂုဏ်ရည်အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်ပါသည်။

**စစ်မီးလျှံကြားမှ စေတနာရှင်များ**

စီစီဝမ်တာပန်တိုက်ပွဲကြီးကာလအတွင်း တိုက်ပွဲများပြင်းထန်သည်နှင့်အမျှ လက်နက်ကြီးလက်နက်ငယ်များ ထိမှန်မှုကြောင့် ခြေလက်ပြတ်သူ၊ ခန္ဓာကိုယ်အနှံ့ ထိခိုက်ဒဏ်ရာရသူ စစ်သည်များ၊ ရှေ့တန်းလုပ်အားရှင်များ၊ ဒေသခံတိုင်းရင်းသားများမှာ နေ့စဉ်နှင့်အမျှ လူနာဦးရေ ၅၀၀ ခန့်ရှိခဲ့ရာ မူဆယ်ဆေးရုံတွင် ဆရာဝန်၊ ဆရာမနှင့် ကျန်းမာရေးဝန်ထမ်းများသည် နေ့ရောညပါ မနားမနေ ပြုစုစောင့်ရှောက်ခဲ့ကြရသည်။

တိုက်ပွဲဖြစ်ပွားနေသော ဒေသများရှိ တောင်ပေါ်ကျေးရွာများမှ လူနာများအားလုံးကို ဆေးရုံသို့ ပို့ဆောင်ရန် အခက်အခဲများရှိခဲ့ရာ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကြည်စိုး၊ ဇနီးဖြစ်သူ ဒေါက်တာဒေါ်ကြည်အေးဆွေ၊ မြို့နယ်ကြက်ခြေနီကော်မတီဝင် ဒေါ်အယ်လ်ခမ်းအောင်၊ မြို့နယ်သမဝါယမဆေးခန်းမှ သူနာပြုဆရာမ ဒေါ်ထုဆိုင်၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ နည်းပြတပ်ခွဲမှူး စိုင်းသာထွန်း၊ နည်းပြ ဒုတပ်ခွဲမှူး စိုင်းစောစိန်နှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် မောင်မယ် ၁၂ ဦးတို့သည် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

ထို့အပြင် ရှေ့တန်းတိုက်ပွဲဝင်စစ်သည်များအတွက် ရေ၊ ရိက္ခာ၊ ခဲယမ်းများသယ်ပို့ခြင်း၊ လူနာရွှေ့ထုတ်ခြင်း၊ လူနာများသယ်ယူပို့ဆောင်ခြင်းစသည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာလုပ်ငန်းများကို မူဆယ်မြို့နယ် ထော်လာဂျီယာဉ်ငယ်အသင်းဥက္ကဋ္ဌ ဦးမြသန်း (ကွယ်လွန်) နှင့် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများသည်လည်း ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပံ့ပိုးကူညီပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။

ဆရာမဒေါ်အမ်ယောနမ်သည် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်မှ ဆေးမှူး ဗိုလ်ကြီးမျိုးအောင်နှင့် ဆေးတပ်ဖွဲ့ဝင်စစ်သည်နှစ်ဦး၊ မူဆယ်မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် လူငယ်မောင်မယ်များနှင့်အတူ တိုက်ပွဲဖြစ်ပွားရာ တောင်ပေါ်ကျေးရွာများရှိ ထိခိုက်ဒဏ်ရာရလူနာများကို အရေးပေါ်ခွဲစိတ်ကုသမှုများတွင် ပါဝင်ကူညီခြင်း၊ အရေးပေါ်ပြုစုစောင့်ရှောက်ခြင်း၊ ဆေးရုံသို့ အမြန်ပို့ဆောင်ရန်လိုအပ်သည့် လူနာများကို ဦးစားပေးပို့ဆောင်စေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

**တပ်မတော်၏ တန်ပြန်တိုက်စစ်များ**

တပ်မတော်သည် ပိုင်နက်နယ်မြေနှင့် စွန့်လွှတ်ခဲ့ရသော တပ်စခန်းများ ပြန်လည်ရရှိရေး၊ ဗကပတို့၏ နိုင်ငံရေး၊ စစ်ရေးရည်မှန်းချက်များကို ရိုက်ချိုးဖယ်ရှားနိုင်ရေးအတွက် အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်းများသာမက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံတပ်ရင်းများ၊ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူများဖြင့် ပြန်လည်စစ်ဆင်တိုက်ခိုက်ခဲ့ရာ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

၁၉၈၆ ခုနှစ် ဒီဇင်ဘာလဆန်းမှစတင်၍ တပ်မတော်ခြေလျင် ခြေမြန်တပ်ရင်းများသည် အမြောက်တပ်ဖွဲ့၊ တပ်မတော်(လေ)တို့နှင့်အတူ ကျူးကျော်ဗကပတို့အား တန်ပြန်တိုက်စစ်ဆင် တိုက်ခိုက်ခဲ့သည်။ မြေပြင်အနေအထားမှာ ယခုစာဖတ်သူတို့ မျက်နှာချင်းဆိုင်လျက် ရင်ပေါင်တန်းရပ်နေသော လူသုံးဦးက ရှေ့သို့ ဆန့်တန်းထားသော လက်များတွင် မှောက်လျက်အနေအထားဖြင့် လက်သီးဆုပ်များကို မြင်ယောင်ကြည့်ပါက ထိုလူသုံးဦး၏ ခန္ဓာကိုယ်များသည် နှစ်နိုင်ငံနယ်စပ်မျဉ်းဖြစ်ပြီး လက်သီးဆုပ်များသည် တပ်မတော်သားများ တက်ရောက်တိုက်ခိုက်ခဲ့ရသည့် တောင်ကုန်းတောင်တန်းများဖြစ်သည်။ ထိုသို့ တိုက်ခိုက်ခဲ့ရသည့် ရည်မှန်းချက်တောင်ကုန်းများမှာ ကျည်ကွယ်မျက်ကွယ်ကင်းမဲ့သည့် တောင်ကုန်းပြောင်များဖြစ်သည့်အတွက် တပ်မတော်သားများ၏ အသက်နှင့်ကိုယ်လက်ခန္ဓာ အစိတ်အပိုင်းများစွာ စွန့်လွှတ်တိုက်ပွဲဝင်ခဲ့ကြရသည်။

မိမိတပ်မတော် ခြေလျင်ခြေမြန် တပ်ရင်းများသည် ၁၉၈၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၉ ရက်နေ့အတွင်း ပွိုင့် ၄၀၄၄၊ လုံခမ်နှင့် လွယ်ဝိန်းတောင်ကြောများ၊ ပွိုင့် ၄၆၆၉၊ စီစီဝမ်တာပန်ဒေသတစ်ခုလုံးနှင့် လွယ်ခွန်တောင်တို့ကိုလည်းကောင်း၊ ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျောက်ချွန်တောင်နှင့် မြင်းခွာကုန်းစခန်းများကိုလည်းကောင်း၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် မုံးပေါ်နှင့် ပွိုင့် ၄၃၃၁ ကိုလည်းကောင်း၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် မြင်တန်တောင်ကြောတို့ကိုလည်းကောင်း အသီးသီးသိမ်းပိုက်နိုင်ခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

**❂ ပလင်းကမ်းသာယာဆင်စခန်းမှ**

တည်ဆောက်ပြသပေးထားခြင်း၊ မြန်မာနိုင်ငံရှိ စွယ်စုံဆင်များ၏ ဆင်စွယ်ထွက်ပုံများဖြစ်သည့် သပိတ်ပိုက်စွယ်စုံ၊ စွယ်တုတ်၊ စွယ်ကား၊ ဟန်၊ တယ်တို့ကို ပြသထားပြီး ဆင်များအမိန့်နာခံနိုင်စေရန် ဆင်ချော့တေးကိုလည်း ပြသထားကြောင်း၊ မြန်မာနိုင်ငံ ဆင်ဖြူတော်များအကြောင်း၊ ဆင်အမွှာလေးများအကြောင်းကိုလည်း ပလင်းကမ်းသာယာဆင်စခန်းပြတိုက်တွင် လေ့လာနိုင်အောင် စီစဉ်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်စခန်းဝင်ကြေးအဖြစ် ပြည်တွင်း ကျပ် ၁၀၀၀၊ ပြည်ပဧည့်သည် ကျပ် ၅၀၀၀၊ ဆင်စီးခ ပြည်တွင်း ကျပ် ၅၀၀၀ နှင့် ပြည်ပဧည့်သည် ကျပ် ၁၀၀၀၀ သတ်မှတ်ထားပြီး သတ်မှတ်ဆင်စီးချိန်များတွင်စီးနိုင်ကြောင်း၊ ကလေးသူငယ်များနှင့် ရဟန်းသံဃာ၊ သီလရှင်များအား ဆင်စခန်းဝင်ကြေးအခမဲ့ပေးထားကြောင်းလည်း ပလင်းကမ်းသာယာဆင်စခန်းတာဝန်ခံ (လက်ထောက်မန်နေဂျာ) ဦးမျိုးမင်းကိုက ရှင်းပြသည်။

ပလင်းကမ်းသာယာဆင်စခန်းတွင် ဆင်ခုနစ်ကောင်ရှိပြီး တစ်နှစ်သား ဆင်ပေါက်လေးမှ ၂၇ နှစ်ရှိ အရွယ်ရောက်ဆင်များရှိကြောင်း၊ ဆင်အခြေပြု ခရီးသွားလုပ်ငန်းများ ဖော်ဆောင်လာခဲ့ရာ မြို့ပြနှင့်နီးသည့် ဆင်အခြေပြုဆင်စခန်းများရှိသလို တောတောင်၊ မြစ်ချောင်းများကို အမှီပြု တည်ထောင်ဖွင့်လှစ်ထားသည့် ဆင်စခန်းများလည်း ဖွင့်လှစ်ထားကြောင်း၊ မြန်မာပြည်အရပ်ရပ်မှ ဆင်ချစ်သူ ခရီးသွားပြည်သူများ မိမိတို့ကြိုက်နှစ်သက်သည့် ဆင်စခန်းများသို့ သွားရောက်လေ့လာနိုင်ပြီး ဆင်များ၏ သဘောသဘာဝ၊ တောတွင်းနေထိုင်ကျက်စားမှုများ လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုထိန် (KPD)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မေလ ၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မဲရုံ ၁၁၉ ရုံ | ၂၄၈၁၄၅ | ၂၂၄၈၂၄ | ၃၅၃၅၂ | ၁၃၉၈ | ၂၁၂၆၄ |
| ၂ | မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မဲရုံ ၉၈ ရုံ | ၁၈၃၆၈၅ | ၁၄၀၂၂၄ | ၅၈၂၈၆ | ၇၉၉ | ၁၃၃၈၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၁၇ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၇၁၇၄၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၄၂၇၁၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၂၉၀၂၆၊ မြေပြင်လက်ကျန် ၂၂၅၀၁၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၆၀၁၃ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၂၀၀၀ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မော်လမြိုင်မြို့နယ် | ၁၁၉ | ၂၆၆၇၄၆ | ၁၅၃၇၃၇ | ၁၁၃၀၀၉ | ၁၁၀၆၉၉ | ၂၇၂၁ | ၄၁၁ |
| ၂ | ကျိုက်မရောမြို့နယ် | ၉၈ | ၂၀၄၉၉၅ | ၈၈၉၇၈ | ၁၁၆၀၁၇ | ၁၁၄၃၁၄ | ၃၂၉၂ | ၁၅၈၉ |
| | စုစုပေါင်း | ၂၁၇ | ၄၇၁၇၄၁ | ၂၄၂၇၁၅ | ၂၂၉၀၂၆ | ၂၂၅၀၁၃ | ၆၀၁၃ | ၂၀၀၀ |

**မော်လမြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် ရပ်ကွက် ၂၉ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စု၊ မဲရုံပေါင်း ၁၁၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၆၇၄၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၃၇၃၇၊ ကျန်ရှိရမည့် အရေအတွက်မှာ ၁၁၃၀၀၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၁၀၆၉၉ ဖြစ်ကြောင်း စိစစ် တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၅၀၈၀၀ | ၁၅၁၀၂၆ | ၉၉၇၇၄ | ၉၇၄၆၄ | ၂၇၂၁ | ၄၁၁ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၅၉၄၆ | ၂၇၁၁ | ၁၃၂၃၅ | ၁၃၂၃၅ | | |
| | စုစုပေါင်း | ၂၆၆၇၄၆ | ၁၅၃၇၃၇ | ၁၁၃၀၀၉ | ၁၁၀၆၉၉ | ၂၇၂၁ | ၄၁၁ |

၆။ မော်လမြိုင်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၁၉ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၂၇၂၁ ပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၅ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၄၁၁ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၇။ မော်လမြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဇေယျာသီရိရပ်ကွက် | ၅ | ၁၀၉၀၀ | ၅၉၃၄ | ၄၉၆၆ | ၄၇၀၆ | ၂၆၀ | |
| ၂ | သာယာအေးရပ်ကွက် | ၂ | ၆၀၀၀ | ၃၁၅၂ | ၂၈၄၈ | ၂၇၉၈ | ၅၀ | |
| ၃ | ရွှေမြိုင်သီရိရပ်ကွက် | ၉ | ၁၈၁၀၀ | ၁၁၀၇၄ | ၇၀၂၆ | ၆၈၇၆ | ၁၅၀ | |
| ၄ | လှိုင်ရှမ်းစုရပ်ကွက် | ၇ | ၁၉၁၀၀ | ၁၁၁၇၅ | ၇၉၂၅ | ၇၆၆၅ | ၂၆၀ | |
| ၅ | ကျိုက်ဖနဲရပ်ကွက် | ၃ | ၅၅၅၀ | ၃၅၁၁ | ၂၀၃၉ | ၁၉၈၉ | ၅၀ | |
| ၆ | အောက်ကျင်းရပ်ကွက် | ၃ | ၆၉၅၀ | ၄၅၀၀ | ၂၄၅၀ | ၂၄၀၀ | ၅၀ | |
| ၇ | ဖက်တန်းရပ်ကွက် | ၅ | ၉၀၀၀ | ၅၄၆၉ | ၃၅၃၁ | ၃၅၃၁ | | |
| ၈ | မန္တလေးရပ်ကွက် | ၂ | ၄၁၀၀ | ၂၆၈၇ | ၁၄၁၃ | ၁၃၁၁ | ၁၀၂ | |
| ၉ | ရွှေတောင်ရပ်ကွက် | ၄ | ၆၆၅၀ | ၄၂၉၀ | ၂၃၆၀ | ၂၃၁၀ | ၅၀ | |
| ၁၀ | စစ်ကဲကုန်းရပ်ကွက် | ၃ | ၅၅၅၀ | ၃၄၂၁ | ၂၁၂၉ | ၂၁၁၁ | ၁၈ | |
| ၁၁ | မရမ်းကုန်းရပ်ကွက် | ၂ | ၃၅၅၀ | ၂၄၁၂ | ၁၁၃၈ | ၁၁၈၈ | | ၅၀ |
| ၁၂ | ပန်းဘဲတန်းရပ်ကွက် | ၂ | ၄၃၅၀ | ၂၇၇၈ | ၁၅၇၂ | ၁၅၇၂ | | |
| ၁၃ | ဘိုကုန်းရပ်ကွက် | ၃ | ၅၉၀၀ | ၄၀၆၃ | ၁၈၃၇ | ၁၉၃၇ | | ၁၀၀ |
| ၁၄ | ညောင်ပင်ဆိပ်ရပ်ကွက် | ၃ | ၆၇၅၀ | ၃၄၈၆ | ၃၂၆၄ | ၃၂၆၄ | | |
| ၁၅ | ကတိုးကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၂၅၇ | ၁၀၉၃ | ၁၀၉၃ | | |
| ၁၆ | ကော့နှတ်ကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၃၄၃ | ၁၂၀၇ | ၁၂၀၇ | | |
| ၁၇ | ကော့လှာကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၆၄၀ | ၁၃၁၀ | ၁၂၆၀ | ၅၀ | |
| ၁၈ | ကော့တွန်ကျေးရွာအုပ်စု | ၁ | ၂၃၅၀ | ၁၂၆၂ | ၁၀၈၈ | ၁၀၈၈ | | |
| ၁၉ | ကော့ပေါက်ကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၃၁၃ | ၁၂၃၇ | ၁၂၃၇ | | |
| ၂၀ | ကော့စိန်ကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၇၇၀ | ၃၈၀ | ၃၈၀ | | |
| ၂၁ | မောင်ငံရပ်ကွက် | ၄ | ၇၂၅၀ | ၄၂၃၅ | ၃၀၁၅ | ၂၈၇၅ | ၁၄၀ | |
| ၂၂ | ကွင်းရပ်ရပ်ကွက် | ၄ | ၈၄၅၀ | ၅၁၅၃ | ၃၂၉၇ | ၃၂၉၇ | | |
| ၂၃ | မုပွန်ရပ်ကွက် | ၅ | ၁၀၁၅၀ | ၆၀၉၂ | ၄၀၅၈ | ၄၀၅၆ | ၂ | |
| ၂၄ | သီရိမြိုင်ရပ်ကွက် | ၆ | ၁၀၇၅၀ | ၆၄၀၂ | ၄၃၄၈ | ၃၁၄၈ | ၁၂၀၀ | |
| ၂၅ | သီရိမင်္ဂလာရပ်ကွက် | ၃ | ၆၂၅၀ | ၃၄၆၄ | ၂၇၈၆ | ၂၇၈၆ | | |
| ၂၆ | ဈေးကြိုရပ်ကွက် | ၆ | ၁၄၃၅၀ | ၉၁၇၀ | ၅၁၈၀ | ၅၂၈၁ | | ၁၀၁ |
| ၂၇ | မြေနီကုန်းရပ်ကွက် | ၂ | ၅၆၅၀ | ၃၂၉၉ | ၂၃၅၁ | ၂၂၅၁ | ၁၀၀ | |
| ၂၈ | မြိုင်သာယာရပ်ကွက် | ၃ | ၉၈၀၀ | ၅၅၁၇ | ၄၂၈၃ | ၄၁၆၄ | ၁၁၉ | |
| ၂၉ | ဇေယျာမြိုင်ရပ်ကွက် | ၁ | ၃၅၀၀ | ၁၇၇၂ | ၁၇၂၈ | ၁၇၂၈ | | |
| ၃၀ | ကျောက်တန်းရပ်ကွက် | ၂ | ၄၂၅၀ | ၂၄၇၁ | ၁၇၇၉ | ၁၇၇၉ | | |
| ၃၁ | ခြောက်မိုင်ကွဲခြံကုန်းရပ်ကွက် | ၃ | ၅၁၅၀ | ၃၁၅၆ | ၁၉၉၄ | ၁၉၄၄ | ၅၀ | |
| ၃၂ | ငန်းတေးရပ်ကွက် | ၂ | ၄၂၀၀ | ၂၈၆၅ | ၁၃၃၅ | ၁၃၃၅ | | |
| ၃၃ | စမ်းကြီးရပ်ကွက် | ၁ | ၁၂၅၀ | ၈၇၀ | ၃၈၀ | ၃၈၀ | | |
| ၃၄ | ဝွေးကုန်းရပ်ကွက် | ၂ | ၄၃၀၀ | ၂၇၃၂ | ၁၅၆၈ | ၁၅၇၈ | | ၁၀ |
| ၃၅ | နောင်ခရီရပ်ကွက် | ၄ | ၇၂၀၀ | ၅၀၁၈ | ၂၁၈၂ | ၂၁၃၂ | ၅၀ | |
| ၃၆ | မုရောင်းကျေးရွာအုပ်စု | ၁ | ၂၇၀၀ | ၁၄၈၇ | ၁၂၁၃ | ၁၂၀၃ | ၁၀ | |
| ၃၇ | မင်းရွာကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၀၉၃ | ၆၅၇ | ၆၅၇ | | |
| ၃၈ | ကြာအင်းကျေးရွာအုပ်စု | ၃ | ၅၄၅၀ | ၃၆၅၅ | ၁၇၉၅ | ၁၇၉၅ | | |
| ၃၉ | ကော့ခနိကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၃၁ | ၂၁၉ | ၂၁၉ | | |
| ၄၀ | ကော့ခမယ်ကျေးရွာအုပ်စု | ၂ | ၄၂၅၀ | ၂၄၃၃ | ၁၈၁၇ | ၁၈၀၇ | ၁၀ | |
| ၄၁ | ဖားအောက်ကျေးရွာအုပ်စု | ၂ | ၃၇၅၀ | ၂၀၄၄ | ၁၇၀၆ | ၁၈၅၆ | | ၁၅၀ |
| ၄၂ | ရိုးဂိုးကျေးရွာအုပ်စု | ၁ | ၃၀၀၀ | ၁၇၃၀ | ၁၂၇၀ | ၁၂၇၀ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၁၉ | ၂၅၀၈၀၀ | ၁၅၁၀၂၆ | ၉၉၇၇၄ | ၉၇၄၆၄ | ၂၇၂၁ | ၄၁၁ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၅၉၄၆ | ၂၇၁၁ | ၁၃၂၃၅ | ၁၃၂၃၅ | | |
| | မြို့နယ်ချုပ် စုစုပေါင်း | ၁၁၉ | ၂၆၆၇၄၆ | ၁၅၃၇၃၇ | ၁၁၃၀၀၉ | ၁၁၀၆၉၉ | ၂၇၂၁ | ၄၁၁ |



ကျိုက်မရောမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၁၉ သို့ ✻

✻ စာမျက်နှာ ၁၈ မှ

### ကျိုက်မရောမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စု၊ မဲရုံပေါင်း ၉၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၀၄၉၉၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၈၉၇၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၆၀၁၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၁၄၃၁၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၈၆၄၃၅ | ၈၆၂၆၃ | ၁၀၀၁၇၂ | ၉၉၇၉၉ | ၁၉၆၂ | ၁၅၈၉ |
| ၂ | မြို့နယ်မဲလက်မှတ် | ၁၈၅၆၀ | ၂၇၁၅ | ၁၅၈၄၅ | ၁၄၅၁၅ | ၁၃၃၀ | |
| စုစုပေါင်း | | ၂၀၄၉၉၅ | ၈၈၉၇၈ | ၁၁၆၀၁၇ | ၁၁၄၃၁၄ | ၃၂၉၂ | ၁၅၈၉ |

၉။ ကျိုက်မရောမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၁၆ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၁၉၆၂ ပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၂၄ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၁၅၈၉ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၁၅၈၄၅ ဖြစ်သော်လည်း မြေပြင်တွင် ၁၄၅၁၅ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၁၃၃၀ ပျောက်ဆုံးနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၀။ ကျိုက်မရောမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရှင်စောပုရပ်ကွက် | ၃ | ၅၃၁၂ | ၂၉၁၄ | ၂၃၉၈ | ၂၀၈၆ | ၃၁၂ | |
| ၂ | ရန်မျိုးအောင်ရပ်ကွက် | ၃ | ၅၆၂၅ | ၂၈၇၈ | ၂၇၄၇ | ၂၈၂၂ | | ၇၅ |
| ၃ | အောင်သုခရပ်ကွက် | ၂ | ၃၆၉၄ | ၁၆၉၅ | ၁၉၉၉ | ၁၈၅၅ | ၁၄၄ | |
| ၄ | အထရံရပ်ကွက် | ၁ | ၂၅၉၂ | ၈၁၆ | ၁၇၇၆ | ၁၇၃၄ | ၄၂ | |
| ၅ | အံကရဲကျေးရွာအုပ်စု | ၁ | ၂၀၈၄ | ၅၅၅ | ၁၅၂၉ | ၁၃၄၅ | ၁၈၄ | |
| ၆ | အထရံကျေးရွာအုပ်စု | ၂ | ၂၉၉၆ | ၁၃၇၇ | ၁၆၁၉ | ၁၆၃၃ | | ၁၄ |
| ၇ | ဘာဘူကုန်းကျေးရွာအုပ်စု | ၁ | ၃၆၅၀ | ၁၄၇၁ | ၂၁၇၉ | ၂၁၇၉ | | |
| ၈ | ဘိန်းဗျောကျေးရွာအုပ်စု | ၁ | ၂၁၉၁ | ၁၀၆၄ | ၁၁၂၇ | ၁၁၃၆ | | ၉ |
| ၉ | ဓမ္မသကျေးရွာအုပ်စု | ၂ | ၃၅၅၁ | ၁၉၃၉ | ၁၆၁၂ | ၁၉၆၄ | | ၃၅၂ |
| ၁၀ | လှကဇိုင်းကျေးရွာအုပ်စု | ၄ | ၇၄၁၇ | ၃၇၀၆ | ၃၇၁၁ | ၃၆၉၄ | ၁၇ | |
| ၁၁ | ကဒါကျေးရွာအုပ်စု | ၅ | ၁၀၀၈၁ | ၅၃၀၁ | ၄၇၈၀ | ၄၆၄၉ | ၁၃၁ | |
| ၁၂ | ကလိုင်းကနိုင်ကျေးရွာအုပ်စု | ၁ | ၁၄၆၈ | ၉၆၁ | ၅၀၇ | ၅၉၂ | | ၈၅ |
| ၁၃ | ခနောင်ကျေးရွာအုပ်စု | ၁ | ၈၉၉ | ၅၃၁ | ၃၆၈ | ၃၆၈ | | |
| ၁၄ | ကော့ဘွီးကျေးရွာအုပ်စု | ၃ | ၆၃၀၆ | ၂၇၅၀ | ၃၅၅၆ | ၃၆၁၀ | | ၅၄ |
| ၁၅ | ကော့ခလိန်ကျေးရွာအုပ်စု | ၂ | ၃၅၅၅ | ၁၄၆၂ | ၂၀၉၃ | ၂၂၃၈ | | ၁၄၅ |
| ၁၆ | ကော့ပလိုင်ကျေးရွာအုပ်စု | ၁ | ၁၃၃၂ | ၆၂၇ | ၇၀၅ | ၇၂၃ | | ၁၈ |
| ၁၇ | ကော့ကလေ့ကျေးရွာအုပ်စု | ၂ | ၄၇၁၉ | ၂၃၂၄ | ၂၃၉၅ | ၂၄၂၆ | | ၃၁ |
| ၁၈ | ကော့ပနောကျေးရွာအုပ်စု | ၂ | ၅၀၂၃ | ၂၀၃၉ | ၂၉၈၄ | ၃၀၈၁ | | ၉၇ |
| ၁၉ | ကော့သတ်ကျေးရွာအုပ်စု | ၂ | ၃၆၆၈ | ၁၆၁၁ | ၂၀၅၇ | ၂၁၀၁ | | ၄၄ |
| ၂၀ | ခရုံကျေးရွာအုပ်စု | ၂ | ၂၈၅၅ | ၁၄၂၅ | ၁၄၃၀ | ၁၅၂၅ | | ၉၅ |
| ၂၁ | ကွမ်ငန်းကျေးရွာအုပ်စု | ၁ | ၂၁၄၈ | ၉၇၆ | ၁၁၇၂ | ၁၁၇၂ | | |
| ၂၂ | ကျိုက်ပရန်ကျေးရွာအုပ်စု | ၂ | ၄၄၆၃ | ၁၈၃၇ | ၂၆၂၆ | ၂၆၆၉ | | ၄၃ |
| ၂၃ | ကြီးအုပ်ကျေးရွာအုပ်စု | ၁ | ၂၀၉၉ | ၁၁၂၇ | ၉၇၂ | ၉၂၃ | ၄၉ | |
| ၂၄ | ကျုံကွယ်ကျေးရွာအုပ်စု | ၃ | ၅၆၇၀ | ၂၄၈၇ | ၃၁၈၃ | ၃၀၆၃ | ၁၂၀ | |
| ၂၅ | ကျုံစိန်ကျေးရွာအုပ်စု | ၁ | ၁၉၃၀ | ၉၉၃ | ၉၃၇ | ၁၀၀၈ | | ၇၁ |
| ၂၆ | ကျုံဝမ်းကျေးရွာအုပ်စု | ၂ | ၄၂၁၈ | ၁၆၅၉ | ၂၅၅၉ | ၂၆၄၀ | | ၈၁ |
| ၂၇ | ကျွန်းရွာကျေးရွာအုပ်စု | ၃ | ၅၈၈၄ | ၂၈၈၄ | ၃၀၀၀ | ၂၈၉၆ | ၁၀၄ | |
| ၂၈ | လမုခိုကျေးရွာအုပ်စု | ၂ | ၄၁၈၉ | ၂၁၃၇ | ၂၀၅၂ | ၂၀၁၃ | ၃၉ | |
| ၂၉ | လက်ပန်ကျေးရွာအုပ်စု | ၁ | ၂၁၄၀ | ၉၁၀ | ၁၂၃၀ | ၁၃၄၀ | | ၁၁၀ |
| ၃၀ | မယ်ကရိုကျေးရွာအုပ်စု | ၁ | ၁၃၇၂ | ၆၈၉ | ၆၈၃ | ၇၁၁ | | ၂၈ |
| ၃၁ | မိကသစ်ကျေးရွာအုပ်စု | ၂ | ၄၃၉၉ | ၂၅၃၅ | ၁၈၆၄ | ၁၈၆၄ | | |
| ၃၂ | မုဆိုးကျွန်းကျေးရွာအုပ်စု | ၁ | ၂၄၄၈ | ၁၀၆၃ | ၁၃၈၅ | ၁၃၈၅ | | |
| ၃၃ | ငပြေမကျေးရွာအုပ်စု | ၁ | ၂၇၉၁ | ၁၄၂၄ | ၁၃၆၇ | ၁၃၇၆ | | ၉ |
| ၃၄ | ငပုအင်းကျေးရွာအုပ်စု | ၁ | ၁၈၄၉ | ၉၄၄ | ၉၀၅ | ၉၀၅ | | |
| ၃၅ | နိဒုံကျေးရွာအုပ်စု | ၂ | ၃၇၃၈ | ၁၈၈၂ | ၁၈၅၆ | ၁၉၂၂ | | ၆၆ |
| ၃၆ | ဖားပျောက်ကျေးရွာအုပ်စု | ၁ | ၂၃၃၁ | ၁၂၆၁ | ၁၀၇၀ | ၁၀၇၀ | | |
| ၃၇ | ပိန်းနဲကုန်းကျေးရွာအုပ်စု | ၄ | ၉၅၂၀ | ၄၀၀၈ | ၅၅၁၂ | ၅၂၃၂ | ၂၈၀ | |
| ၃၈ | ဖနုံကျေးရွာအုပ်စု | ၃ | ၄၁၉၆ | ၂၀၁၇ | ၂၁၇၉ | ၂၁၈၃ | | ၄ |
| ၃၉ | ဖာသိမ်ကျေးရွာအုပ်စု | ၃ | ၄၀၈၃ | ၂၀၃၉ | ၂၀၄၄ | ၁၈၆၁ | ၁၈၃ | |
| ၄၀ | တရနာကျေးရွာအုပ်စု | ၉ | ၁၃၀၈၇ | ၅၇၂၈ | ၇၃၅၉ | ၇၃၇၀ | | ၁၁ |
| ၄၁ | သံကလောင်ကျေးရွာအုပ်စု | ၁ | ၁၅၇၀ | ၅၂၅ | ၁၀၄၅ | ၁၀၂၅ | ၂၀ | |
| ၄၂ | ဦးလေးကျေးရွာအုပ်စု | ၁ | ၂၃၉၇ | ၁၀၃၇ | ၁၃၆၀ | ၁၃၆၃ | | ၃ |
| ၄၃ | ရေတွင်းကုန်းကျေးရွာအုပ်စု | ၅ | ၁၀၅၆၁ | ၃၈၃၀ | ၆၇၃၁ | ၆၈၇၂ | | ၁၄၁ |
| ၄၄ | လွှစင်ကုန်းကျေးရွာအုပ်စု | ၁ | ၁၀၄၇ | ၄၇၁ | ၅၇၆ | ၅၇၉ | | ၃ |
| ၄၅ | ချောင်းနှစ်ခွကျေးရွာအုပ်စု | ၂ | ၄၁၂၉ | ၂၂၁၇ | ၁၉၁၂ | ၁၈၈၃ | ၂၉ | |
| ၄၆ | ကတုံစိကျေးရွာအုပ်စု | ၂ | ၃၂၇၄ | ၁၁၁၅ | ၂၁၅၉ | ၂၁၃၅ | ၂၄ | |
| ၄၇ | ရေပူကျေးရွာအုပ်စု | ၁ | ၁၈၈၄ | ၁၀၂၂ | ၈၆၂ | ၅၇၈ | ၂၈၄ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၉၈ | ၁၈၆၄၃၅ | ၈၆၂၆၃ | ၁၀၀၁၇၂ | ၉၉၇၉၉ | ၁၉၆၂ | ၁၅၈၉ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၈၅၆၀ | ၂၇၁၅ | ၁၅၈၄၅ | ၁၄၅၁၅ | ၁၃၃၀ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၈ | ၂၀၄၉၉၅ | ၈၈၉၇၈ | ၁၁၆၀၁၇ | ၁၁၄၃၁၄ | ၃၂၉၂ | ၁၅၈၉ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



မော်လမြိုင်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ယာယီပိတ်ထားခြင်းမှ ပြန်လည်ဖွင့်လှစ်



**ရန်ကုန် မေ ၂**
တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ကို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ယာယီပိတ်ထားခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထူးဖိတ်ကြားထားသူများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် သမိုင်းအစဉ်အဆက် မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ တစ်နေရာတည်းတွင် တစုတစည်းတည်း ထင်ရှားပေါ်လွင်စွာ လေ့လာနိုင်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုကိန်းအောင်းခိုင်မာလာစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယခုဆိုလျှင် ၁၉ နှစ်ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုလက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါများကြောင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ၂၀၂၀ ပြည့်နှစ် မတ် ၂၄ ရက်မှစ၍ အများပြည်သူများ၏ ကျန်းမာရေးအလို့ငှာ ခေတ္တပိတ်ထားခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ယခုအခါ အများပြည်သူများ လေ့လာအပန်းဖြေနိုင်စေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ယနေ့မှစ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ပြန်လည်ဖွင့်လှစ်မည်ဆိုပါက တိုင်းရင်းသားများ၏ ရိုးရာပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့သည့်အတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တွင် ဖျော်ဖြေရေးပွဲများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) အဖွဲ့တို့နှင့် ပူးပေါင်း၍ ပြည်ထောင်စုခန်းမတွင် ဖျော်ဖြေရေးပွဲများ တင်ဆက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် သက်ဆိုင်ရာဌာနများက ပူးပေါင်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် အများပြည်သူများ လေ့လာအပန်းဖြေနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ အများပြည်သူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စိတ်အေးချမ်းသာစွာဖြင့် အပန်းဖြေအနားယူနိုင်တော့မည့် နေရာဖြစ်သည့်အတွက် များစွာဝမ်းသာပျော်ရွှင်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ယခု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၏ အဓိက ရည်ရွယ်ချက်သည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ စာပေ၊ ရိုးရာ ယဉ်ကျေးမှုများကို အခြားတိုင်းရင်းသားများက တစ်နေရာတည်းတွင် လေ့လာသိရှိနိုင်ရန်နှင့် တိုင်းရင်းသားအသီးသီးတို့၏ ရိုးရာဓလေ့ထုံးစံများကို လေ့လာသိရှိခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုများ ဖြစ်ပေါ်ကာ ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဌေးအောင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) တာဝန်ခံ ဦးမျိုးဝင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ပြန်လည်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ နန်းမြင့်မျှော်စင်၊ တိုင်းရင်းသားရိုးရာနေအိမ်များ၊ ဆိပ်ခံဘောတံတား တည်ဆောက်မည့်နေရာနှင့် လမုတောတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ရှိ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့် စုစည်းနေထိုင်ကြပြီး ပြည်ထောင်စုအတွင်းနေထိုင်ကြသည့် မိမိတို့တိုင်းရင်းသားများအားလုံးသည် စည်းစည်းလုံးလုံးရှိရန် လိုပါကြောင်း၊ ထိုသို့စည်းလုံးမှုမရှိလျှင် တည်ငြိမ်မှုပျက်ပြားကာ ငြိမ်းချမ်းမှုလည်းရှိမည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် စည်းစည်းလုံးလုံးနေခြင်းသည် အဓိကအချက်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများနှင့် ဝန်ထမ်းများအနေဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူဆောင်ရွက်ရန် လိုပါကြောင်း၊ သုတေသနစစ်တမ်းများအရ လူမျိုးစုပေါင်း ၅၀၀၀ ကျော်ခန့်သည် နှစ်စဉ် လူမျိုးစု ၂၅ မျိုးကျော်ခန့် ပျောက်ကွယ်လျက်ရှိပါကြောင်း၊ နောင်နှစ်ပေါင်း ၂၀၀ ကျော်လျှင် လူမျိုးစုအားလုံး ပျောက်ကွယ်သွားနိုင်ကြောင်း၊ ထိုပျောက်ကွယ်သွားနိုင်မည့်အထဲတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများ ပါမသွားရန်မှာ မိမိတို့ တိုင်းရင်းသားများကိုယ်တိုင်သာ ထိန်းသိမ်းကာကွယ်ရန် အဓိကကျပါကြောင်း၊ လူမျိုးမပပျောက်အောင် မိမိတို့၏ စကား၊ စာပေ၊ ယဉ်ကျေးမှုနှင့် အနုပညာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက အထွေထွေဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ညှိနှိုင်းပေးကာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

**ထောက်ပံ့ငွေများ ပေးအပ်**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ကမာရွတ်မြို့နယ် ဥယျာဉ်လမ်းရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ကိုးဖွဲ့နှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးပြီး အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက အထွေထွေဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်တို့က ပြန်လည်ဆွေးနွေး၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးသည် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ထွက်ကုန် ဂျုံသီးနှံများ မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်ကာ အရောင်းအဝယ်များ ကောင်းမွန်

**မန္တလေး မေ ၂**
ပြည်တွင်း၌ စားသုံးမှုများပြားသည့် မြန်မာ့ထွက်ကုန် ဂျုံသီးနှံများ ယခုသင်္ကြန်အပြီးကာလတွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ပုံမှန်ဝင်ရောက်ကာ ဈေးနှုန်းတည်ငြိမ်စွာဖြင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါဂျုံသီးနှံမှာ ဈေးကွက်၌ လက်ရှိပေါက်ဈေးများအနေဖြင့် ရှမ်းဂျုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် လေးသောင်းနှုန်း၊ မြန်မာ့ဂျုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ငါးသောင်းတစ်ထောင်နှုန်းနှင့် ဩစတြေးလျားဂျုံမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ငါးသောင်းရှစ်ထောင်နှုန်းများဖြင့် သင်္ကြန်မတိုင်ခင်ကာလက ဖြစ်ပေါ်ခဲ့သည့် ပေါက်ဈေးများအတိုင်း ဈေးနှုန်းတည်ငြိမ်စွာဖြင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဂျုံသီးနှံက ကမ္ဘာမှာ စားသုံးမှုအများဆုံးဖြစ်ပြီး မြန်မာနိုင်ငံမှာတော့ ဆန်စပါးပြီးရင် ဒုတိယစားသုံးမှု အများဆုံးဖြစ်ပါတယ်။ လက်ရှိပြည်တွင်းစားသုံးမှုနဲ့ ဂျုံစိုက်ပျိုးထွက်ရှိမှုက မျှတမှုမရှိတဲ့အတွက် နှစ်စဉ်ဩစတြေးလျားနိုင်ငံကဲ့သို့ ဂျုံထွက်တဲ့နိုင်ငံတွေကနေတစ်ဆင့် တင်သွင်းနေရပြီး အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေကလည်း ဂျုံမှုန့်တွေကို တင်သွင်းနေရတယ်။ ဒါကြောင့် ပြည်ပနိုင်ငံတွေကနေ တင်သွင်းမှုလျှော့ချနိုင်အောင် ပြည်တွင်းမှာ ဂျုံစိုက်ဧကကို ယခုထက်ပိုမိုပြီး တိုးချဲ့စိုက်ပျိုးနိုင်အောင် လုပ်ဆောင်ကြဖို့ အကြံပြုချင်ပါတယ်။ ဒီလိုတိုးချဲ့ စိုက်ပျိုးနိုင်မယ်ဆိုရင် ဂျုံအခြေပြု စက်မှုလုပ်ငန်းတွေဖြစ်တဲ့ ဂျုံစက်၊ ခေါက်ဆွဲစက်နဲ့ ဘီစကစ်စက်ရုံတွေလို လုပ်ငန်းတွေလည်း ယခုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာနိုင်မှာပါ"ဟု ၎င်းက ပြောသည်။

ဂျုံသီးနှံကို မြန်မာနိုင်ငံအလယ်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း/မြောက်ပိုင်းဒေသများနှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးကြပြီး တစ်နှစ်လျှင် တစ်ရာသီသာလျှင် ဆောင်းသီးနှံအဖြစ် တန်ဆောင်မုန်းလဆန်းတွင် စတင်စိုက်ပျိုးကာ တပေါင်းလဆန်း၌ ရိတ်သိမ်းထွက်ရှိကြောင်းလည်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျိုက်မရောမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီး

**ကျိုက်မရော မေ ၂**
နယ်စပ်ရေးရာဝန်ကြီးဌာနသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် နယ်စပ်ဒေသကျေးရွာများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော မိကသစ်- မိန္တတ်လမ်း သုံးမိုင်အနက် ကျောက်လမ်း နှစ်မိုင်ခင်းခြင်း၊ မိကသစ်-လေးအိမ်စုလမ်းပေါ်တွင် တံတားမြေထိန်းနံရံ တည်ဆောက်ခြင်း၊ ဆင်လဲတောင်-တခလာ-ကျောက်ဘီလူး-မိခွမ်း-ကျောက်အင်းလမ်း တစ်မိုင်သုံးဖာလုံ ကျောက်လမ်းခင်းခြင်း၊ ရှေးဟောင်းသမိုင်းဝင် မဟာဖားဘောင် လိုဏ်ဂူတော် အဝင်လမ်း တစ်မိုင် နှစ်ဖာလုံ ကွန်ကရစ်ခင်းခြင်း၊ အံကစင်(မွန်စု)- လွှစင်ကုန်း-ကော့ခလိန်လမ်း လေးမိုင် ခုနစ်ဖာလုံအနက် ကတ္တရာလမ်း ၁ မိုင် ခင်းခြင်းလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ကျပ် ၈၀၂ ဒသမ ၅၅၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ မိုးမကျမီ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ငွေကြယ်**

# နောင်တမရကြစေချင်

## ရေနံ့သာမောင်ကျော်ညွန့်

အသက်အရွယ်ကြီးရင့်လာသည့်အခါ ခွန်အားယုတ်လျော့လာသည်။ ငယ်စဉ်ကလို သွက်သွက်လက်လက်၊ လျင်လျင်မြန်မြန် မဟုတ်တော့ပေ။ လေးလံလာသည်၊ နှေးကွေးလာသည်၊ ထုံထိုင်းလာသည်။ စိတ်သွားတိုင်းကိုယ်မပါနိုင် ဖြစ်ရရှာသည်။ ထိုအရွယ်များကို အိုမင်းမစွမ်းသူများဟု ခေါ်ကြ၏။

**နုပျိုသန်စွမ်း အရွယ်ငယ်စဉ်က**

ထိုအိုမင်းမစွမ်းအရွယ် ရောက်နေသူများသည် နုပျိုသန်စွမ်း အရွယ်ငယ်စဉ်က လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ခဲ့သည်လည်းရှိမည်၊ မလုပ်ခဲ့သည်လည်းရှိမည်။ ပြုသင့်သည်များကို ပြုခဲ့သည်လည်းရှိမည်၊ မပြုခဲ့သည်လည်းရှိမည်။ ဆောင်သင့်သည်များကို ဆောင်ခဲ့သည်လည်းရှိမည်၊ မဆောင်ခဲ့သည်လည်း ရှိမည်။ ရှောင်သင့်သည်များကို ရှောင်ခဲ့သည်လည်း ရှိမည်၊ မရှောင်ခဲ့သည်လည်း ရှိမည်။

နုပျိုငယ်ရွယ်စဉ်က ပြုသင့်သည်များကို မပြုခဲ့သော်၊ လုပ်သင့်သည်များကို မလုပ်ခဲ့သော်၊ ဆောင်သင့်သည်များကို မဆောင်ခဲ့သော်၊ ရှောင်သင့်သည်များကို မရှောင်ခဲ့သော် အိုမင်းမစွမ်းအရွယ် ရောက်သည့်အခါ နောင်တရကြရလေတော့သည်။

အိုမင်းမစွမ်းအရွယ်ရောက်မှ ရလာသော နောင်တသည် စိတ်အေးချမ်းမှုကို မဖြစ်စေဘဲ စိတ်ဆင်းရဲစရာ၊ ပူပန်စရာများကို ဖြစ်စေသည်။

အိုမင်းမစွမ်းအရွယ်တွင် ဖြစ်ပေါ်လာလေ့ရှိသည့် နောင်တ(၁၀) ပါးရှိသည်။ ထိုနောင်တ (၁၀)ပါးမှာ-

(၁) ငယ်စဉ်အခါက အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်တတ်မြောက်အောင် မသင်ယူခဲ့ခြင်း၊
(၂) ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းရမည့်အရွယ်တွင် ပစ္စည်းဥစ္စာရှာဖွေစုဆောင်းရန် မေ့လျော့ကာ အချိန်ကုန်လွန်ခဲ့ခြင်း၊
(၃) သူတစ်ပါး၏ကောင်းကျိုးကို မလိုလားဘဲ ပျက်စီးအောင် ချောက်တွန်းကုန်းချော အတင်းပြောခဲ့ခြင်း၊
(၄) ကိုယ်ချင်းမစာ မညှာတာဘဲ ယုတ်မာ ရက်စက်ခဲ့ခြင်း၊
(၅) သူတစ်ပါး၏သားမယားကို ကျူးလွန် ပြစ်မှားစော်ကားခဲ့ခြင်း၊
(၆) ပစ္စည်းဥစ္စာရှိပါလျက် အနည်းငယ်မျှ မစွန့်ကြဲ၊ မပေးကမ်း ၊ မလှူဒါန်းခဲ့ခြင်း၊
(၇) အမိအဖတို့အား အလုပ်အကျွေးမပြုခဲ့ခြင်း၊
(၈) အမိအဖ၊ ဆရာသမား၊ လူကြီးသူမတို့၏ သွန်သင်ညွှန်ပြဆိုဆုံးမမှုကို မနာယူခဲ့ခြင်း၊
(၉) သီလမြဲမြံအကျင့်မှန်ပြီး ဉာဏ်ရည်ပြည့်ဝသည့်ပညာရှိတို့ထံ မဆည်းကပ်ခဲ့ခြင်း၊
(၁၀) သူတော်မဟုတ် သူယုတ်တို့၏အကျင့်ကို ကျင့်ခဲ့ခြင်းတို့ ဖြစ်ပါသည်။




**နုပျိုစဉ်အရွယ် ငယ်စဉ်အခါတွင် အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူလေ့ကျင့်ကြရမည်။ ပစ္စည်းဥစ္စာရှာဖွေစုဆောင်းရခဲ့ပါက နောင် အိုမင်းမစွမ်းအရွယ်ရောက်သည့်အခါ နောင်တရစရာမရှိတော့ပေ။ သူတစ်ပါးကောင်းကျိုးကို လိုလားလျက် အားပေးဖေးမကူညီစောင့်ရှောက်ကြရမည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားပြီး သနားကြင်နာကိုယ်ချင်းစာစိတ်မွေးရမည်။**

**နောင်တ (၁၀) ပါး မရရှိအောင်**

ယနေ့ လူငယ်မောင်မယ်တို့သည် နောင်တစ်ချိန်တွင် အိုမင်းမစွမ်းအရွယ်သို့ မလွဲမသွေရောက်ရှိကြရပေမည်။ အိုမင်းမစွမ်းသို့ရောက်ရှိသည့်အခါ နောင်တ (၁၀) ပါး မရရှိအောင် ကြိုးစားအားထုတ်ကြရပေမည်။

နုပျိုစဉ်အရွယ် ငယ်စဉ်အခါတွင် အတတ်ပညာတစ်ခုခုကို ကျွမ်းကျင်တတ်မြောက်အောင်သင်ယူလေ့ကျင့်ကြရမည်။ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းရခဲ့ပါက နောင် အိုမင်းမစွမ်းအရွယ်ရောက်သည့်အခါ နောင်တရစရာမရှိတော့ပေ။ သူတစ်ပါးကောင်းကျိုးကို လိုလားလျက် အားပေးဖေးမကူညီစောင့်ရှောက်ကြရမည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားပြီး သနားကြင်နာကိုယ်ချင်းစာစိတ်မွေးရမည်။

သူတစ်ပါး၏ သားမယားကို မပြစ်မှားမကျူးလွန်မစော်ကားမိအောင် စောင့်စည်းကြရမည်။ စွန့်ကြဲပေးကမ်းလှူဒါန်းကြရမည်။ အမိအဖတို့အား အလုပ်အကျွေးပြုကြရမည်။ အမိအဖ၊ ဆရာသမား၊ လူကြီးသူမတို့၏ သွန်သင်ဆုံးမမှုကို နာယူကျင့်ဆောင်ကြရမည်။ ပညာရှိတို့ထံ ချဉ်းကပ်ဆည်းပူးကြရမည်။ ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံးရှိသည့် သူတော်စဉ်သူတော်ကောင်းတို့၏ထုံးတီးနည်းနာကို လိုက်နာကျင့်သုံးကြရမည်။

နုပျိုစဉ်အရွယ် ငယ်စဉ်ကာလတွင် အထက်ပါ ပြုကျင့်ဆောင်ရွက်ရမည်များကို ပြုကျင့်ဆောင်ရွက်ကြရပေမည်။ ထိုသို့ ပြုကျင့်ဆောင်ရွက်ခဲ့ပါက နောင် အိုမင်းမစွမ်းအရွယ် ရောက်သည့်အခါ နောင်တရစရာမရှိတော့ပေ။ ။

# ပြင်ဦးလွင်မြို့၌ နွေရာသီ (အခြေခံ ) အားကစားသင်တန်း ဖွင့်လှစ်

ပြင်ဦးလွင် မေ ၂

၂၀၂၁ ခုနှစ် ပြင်ဦးလွင်ခရိုင် / မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်သည့် နွေရာသီ(အခြေခံ) အားကစားသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ပြင်ဦးလွင်ခရိုင် အားကစားခန်းမ(၁)၌ ကျင်းပရာ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ အား/ကာ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ၊ အားကစားနည်းအလိုက် ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် (၁) ဦးစိုင်းအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အားကစားနည်းအလိုက် ပညာရပ်များ၊ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ခြင်း၊ သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို သင်တန်းကာလအတွင်း သင်တန်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်သုံးရေးနှင့် အားကစားပညာရပ်များကို စနစ်တကျ သင်ယူလေ့ကျင့်ရန် ပြောကြားခဲ့ပြီးနောက် အားကစားနည်းအလိုက် သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။



ထို့နောက် ၂၀၂၁ ခုနှစ် ပြင်ဦးလွင်မြို့နယ်အတွင်း မေ ၂ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သည့် နွေရာသီအခြေခံ အားကစားနည်းများဖြစ်သည့် ကရာတေး၊ GYM၊ ရိုးရာလက်ဝှေ့၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ ဘောလုံး၊ ဖူဆယ်၊ Myanmar Fitness Dance၊ တင်းနစ်၊ ကြက်တောင်၊ မြန်မာသိုင်း စသည့် အားကစားနည်း ၁၂ မျိုးကို တတ်ကျွမ်းသည့် ပညာရှင်များဖြင့် ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ စနစ်တကျ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ ဆက်)**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ လှူဒါန်း

**နေပြည်တော် မေ ၂**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ထောက်ပံ့လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး sar-Cov-2 (Vero Cell) များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင်၊ ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ယင်းသို့ ထောက်ပံ့လှူဒါန်းရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ကာကွယ်ဆေး sar-Cov-2 (Vero Cell) အလုံးရေ ငါးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါဆေးများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့**
**မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# မြို့နယ်အချို့၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁ ရက် ညနေ ၆ နာရီတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းအောင်ကျေးရွာအနီး ဆိပ်မူ - ဇော့ခါသွားကားလမ်းတွင် ဘောက်နော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ သုည ဒသမ ၅၉၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆ နာရီခွဲတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းအောင်ကျေးရွာ သုသာန်အနီးလမ်းမပေါ်၌ ဝင်းနိုင်ဦး(ခ) ဖိုးတုတ် မောင်းနှင်ပြီး မဟေ့ွလင့်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ သုည ဒသမ ၅၉၄ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးကောင်းမြို့နယ် ညောင်ကုန်းကျေးရွာရှိ ညွန့်တင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ ဘိန်းစိမ်း ၅ ဒသမ ၁၆ ကီလိုကိုလည်းကောင်း။

ထို့အတူ မေ ၁ ရက် မွန်းလွဲ ၃ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ်ဝက်ဝံကျေးရွာ လားရှိုး-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် (၅၄/၇)အနီးတွင် ဆာလာအိတ်တစ်လုံးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ဘိန်းဖြူ သုည ဒသမ ၅၃ ကီလိုကိုလည်းကောင်း။

မေ ၁ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့ ရင်းမိုးရပ်ကွက် ရင်းမိုးစစ်ဆေးရေးဂိတ်တွင် Sunlong အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

အလားတူ မေ ၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ငွေဆင်အိမ်ရာအနီးရှိ ကြည်ဝင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၂ နာရီခွဲတွင် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ဆင်ဖြူဈေးအနီးတွင် မပြည့်(ခ)ဥမ္မာဝင်းအား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**





ဘောက်နော်၊ ဝင်းနိုင်ဦး(ခ)ဖိုးတုတ်၊ မဟေ့ွလင့်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။




# စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်တစ်ဦး၏ နေအိမ်အား ဆူပူအကြမ်းဖက်သူများက ဝိုင်းဝန်းရန်ပြုပစ်ခတ်တိုက်ခိုက် မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၂**

၂၀၂၁ ခုနှစ် မေ ၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်တစ်ဦး၏ နေအိမ်အား ဆူပူအကြမ်းဖက်သူများက ဝိုင်းဝန်းရန်ပြုတိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ်မှန်များကွဲအက်ပျက်စီးကာ သိုလှောင်ရုံအဆောက်အအုံ တစ်လုံးနှင့် ဆိုင်ကယ် ကိုးစီးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဝက်လက်မြို့ အမှတ်(၂) ရပ်ကွက်နေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင် ဦးစိုးခိုင် (၄၀)နှစ် (ဘ) ဦးသန်းညွန့်၏နေအိမ်အား ဆူပူအကြမ်းဖက်သူအင်အား ၂၀၀ ခန့်က ဆဲဆိုအော်ဟစ်ရောက်ရှိလာပြီး လက်လုပ်သေနတ်၊ လက်လုပ်မိုင်း၊ ဓာတ်ဆီပုလင်း၊ လေးခွ၊ ဂျင်ကလိ၊ အုတ်ခဲကျိုးများဖြင့် ဝိုင်းဝန်းရန်ပြုပစ်ခတ်တိုက်ခိုက်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ရာ ဆူပူအကြမ်းဖက်သူများက ဦးစိုးခိုင် ပိုင်ဆိုင်သော နေအိမ်နှင့် “မြင့်” စားသောက်ဆိုင်တို့အား ဝိုင်းဝန်းဖျက်ဆီးမီးရှို့နေသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး အဆိုပါ ဆူပူအကြမ်းဖက်သူလူအုပ်စုအတွင်းမှ ထိခိုက်ဒဏ်ရာရရှိထားသော အမျိုးသား နှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထိုကဲ့သို့ ဆူပူအကြမ်းဖက်သူများ၏ ဝိုင်းဝန်းရန်ပြုတိုက်ခိုက်ဖျက်ဆီးခဲ့မှုကြောင့် ဦးစိုးခိုင် ပိုင်ဆိုင်သော သုံးထပ်တိုက်နေအိမ်၏ မှန် ၂၉ ချပ် ကွဲအက်ပျက်စီးကာ “မြင့်”စားသောက်ဆိုင်ရှိ ဘီယာများ သိုလှောင်ထားသော ၁၀ ပေပတ်လည် ပျဉ်ခင်း၊ ပျဉ်ကာ အဆောက်အအုံ တစ်လုံးနှင့် ဆိုင်ကယ် ကိုးစီးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်တွင် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

○ စာမျက်နှာ ၂၂ မှ



အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါ ပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

ဦးခင်စိုး (ကျောင်းအုပ်၊ အမက၊ တောင်အင်းရွာသစ်ကျေးရွာ၊ ပွင့်ဖြူမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၃၀ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇၈ စီး၊ သွင်းကုန် ၁၂၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၈၆ သန်းတန်ဖိုး)ရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တာယာ (275/70 R 22.5) 26 U နှင့် Toothpaste (250g x12x6 Pkg) 6 Pkgs၊ ကလေးဝတ်အင်္ကျီ T-Shirt 2120 U၊ ကျားဝတ်အင်္ကျီ T-Shirt 480 U နှင့် ကလေးဝတ် ဘောင်းဘီတို 960 U အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး တရုတ်လှမြစ်ရေတင်လုပ်ငန်း၊ ဘားအံငါးလုပ်ငန်းစခန်းနှင့် အိန္ဒုတိုက်နယ်ဆေးရုံတို့အား ကြည့်ရှုစစ်ဆေး



**ဘားအံ မေ ၂**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးသည် အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ မေ ၁ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ တရုတ်လှမြစ်ရေတင်လုပ်ငန်းနှင့် ဘားအံငါးလုပ်ငန်းစခန်းတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့နယ် တရုတ်လှစံပြကျေးရွာအနီးရှိ တရုတ်လှလျှပ်စစ်မြစ်ရေတင်လုပ်ငန်းသို့ရောက်ရှိပြီး မော်တာ၊ ရေစုပ်စက်လေးစုံဖြင့် ရေပေးဝေနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန (ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာဦးနှင့် တာဝန်ရှိသူများက တရုတ်လှလျှပ်စစ်မြစ်ရေတင်လုပ်ငန်း၏ ပင်မမြောင်း၊ လက်တံမြောင်း၊ တူးမြောင်းအဆောက်အအုံများမှတစ်ဆင့် စိုက်ပျိုးရေပေးဝေနေမှုနှင့် အကျိုးပြုဧရိယာအတွင်း ရေပေးဝေနိုင်မှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် တရုတ်လှလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်တွင် တရုတ်လှ၊ ကော့ကျိုက်၊ နောင်ခရိုင် ကျေးရွာများမှ တောင်သူများနှင့်တွေ့ဆုံ၍ မြစ်ရေတင် ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားရှိမှု အခြေအနေများအား မေးမြန်းပြီး မည်သည့်သီးနှံအမျိုးအစားကိုမဆို စဉ်ဆက်မပြတ်စိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန် လမ်းညွှန်မှာကြားခဲ့သည်။

ရှင်းလင်းဆောင်တွင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲမှုဦးစီးဌာန (ရေအရင်းအမြစ်) ပြည်နယ်ဦးစီးမှူးက မြစ်ရေတင်လုပ်ငန်း၏ လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ မြို့ပြဆိုင်ရာတည်ဆောက်ပြီးစီးမှုများ၊ ရေစုပ်စက်ဆိုင်ရာအချက်အလက်များ၊ လျှပ်စစ်ပိုင်းဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စိုက်ပျိုးထုတ်ကုန်များတိုးတက်လာစေရေး စည်းရုံးဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပြီး တရုတ်လှကျေးရွာမှ တောင်သူဦးအောင်ညွှန့်၏ အစေ့စိုက်ကန်စွန်း လေးဧကစိုက်ခင်းနှင့် ပြောင်းချို၊ ရုံးပတီ၊ ခရမ်း အစရှိသည့် စားဖိုဆောင်သီးနှံစိုက်ခင်းများအား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံ-မော်လမြိုင်အဖြောင့်လမ်းဘေးရှိဘားအံ ငါးလုပ်ငန်းစခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စခန်းတာဝန်ခံ ဦးသိန်းနိုင်နှင့် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစုံမိုင်းတို့က ဘားအံငါးလုပ်ငန်းစခန်း၌ ငါးသားဖောက်မွေးမြူခြင်းလုပ်ငန်းနှင့် ငါးသယံဇာတပေါများစေရေးအတွက် မြစ်ချောင်းများအတွင်း နှစ်လက်မအရွယ်ငါးသားပေါက်များ စိုက်ထည့်ပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ငါးသားဖောက်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ငါးသားဖောက်ကန်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မေ ၂ ရက် နံနက် ၉ နာရီခွဲခန့်က အဖွဲ့ဝင် (၅) ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဘားအံမြို့နယ် အိန္ဒုတိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်မှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် အိန္ဒုတိုက်နယ်ဆေးရုံ၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးနှင့် အဆောက်အအုံအခြေအနေများကို လိုက်လံကြည့်ရှုခဲ့ပြီး ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် အိန္ဒုတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြုဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးရုံအထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မေ ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၇ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂ - ၅ - ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁- ၅ -၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂ - ၅ -၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း( ၁၅၂၄ )ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၇)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၇၉,၄၂၇)ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၈၃၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၈၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၁၄၇၀၀၇ | ၂၅၇၇၇၉၂၇ | ၅၉၀၇၂၁ |
| ၂။ | အိန္ဒိယ | ၁၉၅၅၇၄၅၇ | ၁၅၉၉၂၂၇၁ | ၂၁၅၅၄၂ |
| ၃။ | ဘရာဇီး | ၁၄၇၂၅၉၇၅ | ၁၃၂၄၂၆၆၅ | ၄၀၆၅၆၅ |
| ၄။ | ပြင်သစ် | ၅၆၄၂၃၅၉ | ၄၅၉၀၃၇၆ | ၁၀၄၇၀၆ |
| ၅။ | တူရကီ | ၄၈၄၉၄၀၈ | ၄၄၀၅၁၉၉ | ၄၀၅၀၄ |
| ၆။ | ရုရှား | ၄၈၂၃၂၅၅ | ၄၄၄၃၉၂၂ | ၁၁၀၈၆၂ |
| ၇။ | ဗြိတိန် | ၄၄၁၈၅၃၀ | ၄၂၁၈၁၇၂ | ၁၂၇၅၂၄ |
| ၈။ | အီတလီ | ၄၀၃၅၆၁၇ | ၃၄၈၄၀၄၂ | ၁၂၁၀၃၃ |
| ၉။ | စပိန် | ၃၅၂၄၀၇၇ | ၃၂၀၆၂၇၃ | ၇၈၂၁၆ |
| ၁၀။ | ဂျာမနီ | ၃၄၁၂၃၇၃ | ၃၀၂၄၆၀၀ | ၈၃၇၀၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၆၇၇၂၇၄ | ၁၅၃၀၇၁၈ | ၄၅၇၉၆ |
| ၂။ | ဖိလစ်ပိုင် | ၁၀၅၄၉၈၃ | ၉၆၆၀၈၀ | ၁၇၄၃၁ |
| ၃။ | မလေးရှား | ၄၁၅၀၁၂ | ၃၈၃၁၄၀ | ၁၅၃၃ |
| ၄။ | မြန်မာ | ၁၄၂၈၃၈ | ၁၃၁၉၈၁ | ၃၂၀၉ |
| ၅။ | ထိုင်း | ၆၈၉၈၄ | ၃၉၄၈၁ | ၂၄၅ |
| ၆။ | စင်ကာပူ | ၆၁၂၁၈ | ၆၀၇၆၅ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၁၄၅၂၀ | ၅၃၆၉ | ၁၀၃ |
| ၈။ | ဗီယက်နမ် | ၂၉၄၂ | ၂၅၄၉ | ၃၅ |
| ၉။ | လာအို | ၉၃၃ | ၅၁ | ၀ |
| ၁၀။ | ဘရူနိုင်း | ၂၂၇ | ၂၁၈ | ၃ |

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်း ပုံမှန်အတိုင်း လည်ပတ်လျက်ရှိ

**နေပြည်တော် မေ ၂**

Mobile Internet ယာယီပြတ်တောက်နေစဉ်ကာလအတွင်း ဘဏ်နှင့်မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၏ Internet အသုံးပြု၍ ဆောင်ရွက်ရသည့် ငွေရေးကြေးရေးဆိုင်ရာ System များ၊ Application များကို ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခဲ့ရာ ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ သမဝါယမဘဏ်၊ အင်းဝဘဏ်၊ ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်၊ ယူအေဘီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့် ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ်တို့မှ Mobile Banking၊ Internet Banking၊ Mobile top-up၊ Other Cards top-up၊ Bill payment များ၊ Visa Master Credit Card Payment၊ MPU Cards၊ All ATMs၊ Bank Pay များမှ Account to Account Transfer၊ Wallet to Wallet၊ Bank to Wallet၊ Wallet to Bank၊ CBM Net ၏ CCT Function စသည့် ဝန်ဆောင်မှုများကို အများပြည်သူများအတွက် ဧပြီ ၂၈ ရက်မှစ၍ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါ ဘဏ်လုပ်ငန်းများ၊ မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်အတိုင်း လှည့်ပတ်စီးဆင်းလျက်ရှိကြောင်းနှင့် ဈေးဝယ်စင်တာများ၊ စတိုးဆိုင်များ၊ စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်များနှင့် အခြားငွေပေးချေရေးလုပ်ငန်းများ၌လည်း MPU Cards၊ Visa Master Credit Card Payment စသည့် Cards များ အသုံးပြု၍ ဈေးရောင်းဈေးဝယ် လုပ်ငန်းများနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် အခြားလုပ်ငန်းများ၌ ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များကို လုပ်ဆောင်

**နေပြည်တော် မေ ၂**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများအား လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၁ ရက် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် မွန်ပြည်နယ် သထုံမြို့ နန်းခဲရပ်ကွက် ရုံးကြီးလမ်း၌ မိုင်းတစ်လုံးပေါက်ကွဲခဲ့ပြီး အဆိုပါပေါက်ကွဲမှုကြောင့် လမ်းမကြီးပေါ်မှ ဆိုင်ကယ်စီးနင်းလာသူ အမျိုးသမီး သုံးဦးတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် သထုံမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိသည်။

အလားတူ ညနေ ၄ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မှန်တန်းရပ်ကွက် နှင်းဆီလမ်းနှင့် ချယ်ရီလမ်းထောင့်ရှိ ဦးဖိုးတူ(၆၁)နှစ် (ဘ)ဦးချစ်ဦး၏ နေအိမ်ခြံဝင်းအားလည်းကောင်း၊ ည ၇ နာရီ မိနစ် ၂၀ တွင် ပြည်ကြီးတံခွန်မြို့နယ် ထိန်းကုန်းရပ်ကွက်ရှိ ဦးအောင်ဆန်းဝင်း၏ နေအိမ်အား လည်းကောင်း၊ ည ၈ နာရီ ၅ မိနစ်တွင် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ပရိဘောဂရပ်ရှိ နယ်မြေခံတပ်အားလည်းကောင်း၊ မေ ၂ ရက် နံနက် ၅ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ အမှတ်(၂)ရပ်ကွက်နေ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမျိုးလွင်၏ နေအိမ်အားလည်းကောင်း၊ နံနက် ၈ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် မြန်မာ့အာမခံလုပ်ငန်း တိုင်းဦးစီးမှူးရုံးအားလည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ပေါ် ရပ်ကွက်များ၌လည်းကောင်း၊ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်ရှိ ခရိုင်ပညာရေးမှူးရုံး၌လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် အမှတ်(၃)ရပ်ကွက်ရှိ "မွန်းရှိုင်း" တည်းခိုခန်းရှေ့လမ်းပေါ်၌လည်းကောင်း၊ နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် အမှတ်(၅)ရပ်ကွက် မင်းရပ်တောင်ဘုန်းကြီးကျောင်းအနီး၌ လည်းကောင်း၊ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် အမှတ်(၁)ရပ်ကွက် "သိင်္ဂီ" ဆန်စက်အနီး၌လည်းကောင်း၊ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မွန်ပြည်နယ် သထုံမြို့နယ် ဘင်လှိုင်ရပ်ကွက် ပရိုကိုးဆန်စက်လမ်းနေ ဒေါ်ဝင်းသူဇာ(ခ)သူဇာ (၃၄)နှစ် (ဘ) ဦးဒုတ်၏ နေအိမ်အားလည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးနှင့် အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်ရှိ ဆေးဝါးစက်ရုံ၊ ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ စည်ပင်သာယာရုံးအားလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၉)ရပ်ကွက်ရှိအုပ်ချုပ်ရေးမှူးရုံးအားလည်းကောင်း၊ ညနေ ၃ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ မြို့နယ်ပညာရေးမှူးရုံးအားလည်းကောင်း ဆူပူအကြမ်းဖက်သူများက လက်လုပ်ဗုံးများ၊ အသံမိုင်းများဖြင့် လာရောက်ပစ်ခတ်ဖောက်ခွဲခဲ့ရာ နေအိမ်၊ ရုံးအဆောက်အအုံများ အနည်းငယ် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

တရားမဝင်အဖွဲ့အစည်းအဖြစ် ကြေညာထားသော NUG အဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုများလုပ်ဆောင်ရန် ကြေညာချက်များ ထုတ်ပြန်ခြင်း၊ တိုက်တွန်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားအောင် ဆောင်ရွက်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများအနေဖြင့် ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်ပူပန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသူများအား ပြည်သူများနှင့်အတူပူးပေါင်း၍ ဖမ်းဆီးရမိရေးနှင့် တရားဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူ့သီးသန့်အရည်အချင်း

**မြင့်မောင်(Phil-Q)**

လူဆိုသည်မှာ သတ္တလောကသားဖြစ်၏။ သတ္တဝါ အနန္တရှိသည့်အနက် တစ်မျိုးသောသတ္တဝါ ဖြစ်သည်။ သို့သော် သာမန်သတ္တဝါမဟုတ်။ သတ္တလောကကြီး၏ အားအကြီးဆုံးသတ္တဝါ ဖြစ်သည်။ ဘာ့ကြောင့် အားအကြီးဆုံးဖြစ်နေရသနည်း။ တစ်နည်းအားဖြင့် မေးနိုင်သည်မှာ လူနှင့် အခြားသတ္တဝါများကို မည်သည့်အရာက ကွဲပြားခြားနားစေပါသနည်း။

မေးမြန်းဆွေးနွေးတတ်၊ လေ့လာတတ်၊ မှတ်သားနာယူတတ်သော လူငယ်လေးတစ်ဦးက မေးမြန်းဆွေးနွေးခဲ့ဖူးသည်။ "လူနဲ့တိရစ္ဆာန် ဘာကွာသလဲ" ဟုဖြစ်၏။ ထိုသို့တခုတ်တရ မေးမြန်းလေ့လာတတ်သူ လူငယ်များ ယနေ့ခေတ်တွင် များများစားစားရှိစေချင်သည်။ လူငယ်အများစုက Thumb-top ခေါ် ဖုန်းတစ်လုံးဖြင့်သာ အချိန်ဖြုန်းနေတတ်ကြသည်။ အင်တာနက်ကို မှန်မှန်ကန်ကန်အသုံးပြုလျှင် ပညာဘဏ်တိုက်ကြီးများကိုဖွင့်ကာ အသိပညာ၊ အတတ်ပညာများ ကောင်းကောင်းလေ့လာနိုင်သည်။

စောစောက မေးခွန်းအကြောင်း ဆက်ပါဦးမည်။ ထိုသို့မေးလာသည့် လူငယ်လေးအား အချိန်ရ၊ မရ မေးကြည့်ရာ ရသည်ဆိုသဖြင့် သူနှင့် ဤသို့ ဆွေးနွေးခဲ့ကြလေ၏။

**ကျွန်ုပ် -** ငါ့တူ… အရင်ဖြေကြည့်ပါဦး။

အတန်ငယ်စဉ်းစားပြီးနောက် ကျွန်ုပ်ကို လှမ်းကြည့်သည်။ တစ်ခုခုတော့ ပြောချင်ပုံရ၏။ သို့သော် ကျွန်ုပ်တို့လူမျိုးထုံးစံအတိုင်း ဘွင်းဘွင်းရှင်းရှင်းမရှိ။ ပြောစရာရှိရင်တောင် ပြောရကောင်းနိုးနိုးနှင့် ဝေခွဲမရဖြစ်နေပုံရှိ၏။ ခဏကြာပြီးနောက်-

**လူငယ် -** ကျွန်တော်တို့ လူသားတွေက တိရစ္ဆာန်တွေထက် ပိုပြီးစဉ်းစားကြံဆတတ်တယ်။ အဲဒါကွာတာဖြစ်မလား ဦးလေး။

**ကျွန်ုပ် -** ငါ့တူပြောတာ မမှားပါဘူး၊ ဒီလိုလုပ်ကွာ ဦးလေးက ဘာ … ဘာ … ဆိုပြီး ပြောလိုက်ရင်ရတယ်၊ ဒါပေမဲ့ မင်းလည်း ပါဝင်စဉ်းစားတာမျိုး ဖြစ်စေချင်တယ်။ ဒီတော့ တို့နှစ်ယောက် အပြန်အလှန်မေး၊ ဖြေတဲ့ပုံစံမျိုးနဲ့ ဆွေးနွေးကြည့်ကြတာပေါ့။

**လူငယ် -** ကောင်းတာပေါ့ဦးလေးရ၊ ကျွန်တော်က သိချင်တာဆိုတော့ ကျွန်တော်မေးရမှာပေါ့။

**ကျွန်ုပ် -** အဲဒီလိုလည်း မဟုတ်ဘူးလေ။ အပြန်အလှန်ပေါ့ကွာ။ ဒါပေမဲ့ အခုမင်းရဲ့မေးခွန်းအတွက်တော့ ဦးလေးကပဲ စမေးပါရစေ…ဟုတ်လား။

**လူငယ် -** ဟုတ် … မေးပါဦးလေး။

**ကျွန်ုပ် -** ကဲ .. ဒါဆိုဦးလေးမေးမယ်၊ မင်း စဉ်းစားတတ်သလား၊ Thinking လုပ်တတ်သလားပေါ့ကွာ။

**လူငယ် -** ဘာကိုစဉ်းစားရမှာလဲ။

**ကျွန်ုပ် -** စဉ်းစားခိုင်းတာမဟုတ်ဘူး၊ စဉ်းစားတတ်သလား၊ စဉ်းစားနိုင်တဲ့အစွမ်း ရှိသလား။

**လူငယ် -** ဟာ.. ဦးလေးကလည်း စဉ်းစားတတ်တာပေါ့၊ လူပဲဟာ …။

**ကျွန်ုပ် -** အေးပါကွာ .. ဒေါဖောင်းသွားလား၊ မင်းမေးခွန်းရဲ့အဖြေကို တို့နှစ်ယောက်ပူးပေါင်းပြီး ရှာကြမှာဆိုတော့ စိတ်အေးအေးလေးထားပြီး မင်းတွေးမိသလိုဖြေပါ။ အခု.. ငါ့တူအဖြေအရ တို့(လူ) တွေဟာ "စဉ်းစားတတ်တယ်" ဆိုတဲ့ကောက်ချက်တစ်ခု ရလာပြီ။ ကိုင်း…နောက်တစ်ခွန်း မေးကြည့်မယ်၊ မင်းရွေးချယ်တတ်သလား။ Selecting ပေါ့။

**လူငယ် -** ရွေးချယ်တတ်တာပေါ့။ ကြိုက်တာရွေးမယ်၊ မကြိုက်တာပယ်မယ်။

**ကျွန်ုပ် -** ဟုတ်ပြီ .. လူသည် "ရွေးချယ်တတ်သည်"ပေါ့။ သုံးခုမြောက်နဲ့ နောက်ဆုံးမေးခွန်းလေးလာပြီ … ဆုံးဖြတ်တတ်သလား။ Decision Making ..။

**လူငယ် -** ဖြေစရာတောင် မလိုတဲ့မေးခွန်းပါဦးလေးရယ်။ သိပ်ဆုံးဖြတ်တတ်တာပေါ့။

**ကျွန်ုပ် -** ငါ့တူရဲ့အဖြေတွေကို ပြန်ပြင်ချင်သေးလား။

**လူငယ် -** 'နိုး'ဦးလေး။ ရှင်းနေတဲ့အဖြေတွေပဲဟာ။

**ကျွန်ုပ် -** ကိုင်း… ဒီလိုဆို တို့နှစ်ယောက်ကောက်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချနိုင်ပြီကွာ…။

**လူသည်**
**စဉ်းစားတတ်သည်။**
**ရွေးချယ်တတ်သည်။**
**ဆုံးဖြတ်တတ်သည်။**

'ကိုင်း…ဦးလေးပြောတာလေး တစ်ချက်နားထောင်ကွာ' ဟုမေတ္တာရပ်ခံကာ သူ့ကိုဇာတ်လမ်းလေး တစ်ပုဒ်ပြောပြသည်။ နိုင်ငံရပ်ခြားက ဇာတ်လမ်းလေးပါ။ ရေကန်ကြီးတစ်ကန်ဘေးနားမှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ ဖြစ်ခဲ့သောအကြောင်းလေးတစ်ခု။ မနက်ပိုင်းဝန်ထမ်းတွေ ရောက်လာချိန် စတိုခန်းတံခါးပွင့်နေသည်ကို တွေ့ရသည်။ အထဲဝင်ကြည့်ကြတော့ ဘီယာဘူးများ ထားသည့်ဘက်တွင် တစ်ယောက်ယောက် ဖောက်ထွင်းဝင်ရောက်သွားပုံရသည်။ ကြမ်းပြင်ပေါ်တွင် ဘီယာဘူးခွံများ ပြန့်ကြဲလျက်။ သို့သော် သေချာစစ်ကြည့်တော့ တစ်နည်းတစ်ဖုံ စိတ်ဝင်စားစရာကောင်းနေသည်။ ဘီယာတံဆိပ်သုံးလေးမျိုးခန့်မှာ ဘီယာတစ်ဘူးစီကိုသာ ဖောက်သောက်ထားသည့်ပုံဖြစ်၏။ ကြမ်းပေါ်ကျနေသည့် တံဆိပ်တစ်မျိုးစီဖြင့် ဘီယာဘူးတိုင်းတွင် ဖိတ်တစ်ဝက် ကျန်တစ်ဝက်ဖြင့်။ နောက်ဘီယာတံဆိပ်တစ်ခုတွင်မူ ဘူးပေါင်းသုံးဒါဇင်ခန့်ဖြင့် ဘီယာများ တစ်စက်မှမကျန်သော ဘူးလွတ်များကိုသာ တွေ့ရသည်။

တွေ့ရှိချက်အပေါ် အကြမ်းဖျင်းကောက်ချက်ချနိုင်သည်က တစ်စုံတစ်ဦး စတိုခန်းထဲ ဝင်ရောက်လာသည်။ ဘီယာဘူးများ သိုလှောင်ထားသည့် စင်ဘက်သို့ သွားမည်။ ဘီယာတံဆိပ်တစ်မျိုး ဖောက်သောက်ကြည့်မည်။ ကြိုက်ပုံမရဘဲ လွှင့်ပစ်ပြီး နောက်တံဆိပ်တစ်မျိုး ဖောက်သည်။ မကြိုက်။ လွှင့်ပစ်မည်။ ထိုနည်းဖြင့် ဘီယာတံဆိပ်သုံးလေးမျိုးကို မြည်းကြည့်မည်။ နောက်ဆုံးတံဆိပ်တစ်မျိုးကိုတော့ ကြိုက်သွားပုံရ၏။ သုံးဆယ့်ခြောက်ဘူးခန့် တစ်စက်မကျန်မော့သွားမည်။ ငတိုတစ်ယောက်ယောက်ဖြစ်ပုံရသည်။ သုတ်သင်ရှင်းလင်းသိမ်းဆည်းကာ တစ်နေ့တာအလုပ်ကို စလုပ်ကြ၏။ ခဏအကြာတွင် စီစီတီဗွီအခန်းမှ ဝန်ထမ်းဖြစ်သူက မန်နေဂျာကို အသိပေးတင်ပြလာသည်။ ညက ဘီယာဘူးများ ဖောက်သောက်သွားသည်မှာ လူမဟုတ်ပါ၊ ဝက်ဝံကြီးတစ်ကောင်ဖြစ်ပါသည်တဲ့။

ထိုဖြစ်စဉ်အပေါ် စူးစမ်းလေ့လာသူအချို့က သုံးသပ်ကြသည်။ မည်သို့ဖြစ်စေ အထက်ပါဖြစ်စဉ်တွင် ဝက်ဝံကြီးသည် Thinking လုပ်သွားသည်။ Selecting လုပ်သွားသည်။ Decision Making လုပ်သွားသည်။ လူအတိုင်းပင်။ တိရစ္ဆာန်ပေမယ့် အထင်သေးလို့မရ။

> **အဓိကအားဖြင့် လူနဲ့တိရစ္ဆာန် ကွာခြားသွားစေတာက အခြားသတ္တဝါတွေမှာမရှိဘဲ လူမှာသာရှိတဲ့ သီးသန့်အရည်အသွေးတစ်ခုကြောင့်ပေါ့ .. ငါ့တူ။ အဲဒီအရည်အသွေးက အင်္ဂလိပ်လိုဆိုရင်** Reasoning**၊ မြန်မာလိုဆိုရင် ဝေဖန်စိစစ်ပိုင်းခြားတတ်ခြင်းပေါ့။ အကြောင်းနဲ့အကျိုး၊ အကောင်းနဲ့အဆိုး၊ အမှားနဲ့အမှန် ခွဲခြားသိတဲ့ ဆင်ခြင်ဉာဏ်ပေါ့ကွာ။ ဒီလိုဝေဖန်စိစစ်ပိုင်းခြား ဆင်ခြင်တာကို ဗုဒ္ဓတရားတော်အရဆိုရင် ဝိဘဇ္ဇဝါဒလို့ဆိုတယ်။**

**ကျွန်ုပ် -** ကိုင်း… ငါ့တူ.. လူတွေဟာ စဉ်းစားတတ်တယ်။ ရွေးချယ်တတ်တယ်။ ဆုံးဖြတ်တတ်တယ်ဆိုရင် အခုဦးလေးပြောတဲ့ ဇာတ်လမ်းထဲက ဇာတ်ကောင် ဝက်ဝံကြီးကလည်း လူတွေလုပ်သလို လုပ်သွားတယ်လို့ သုတေသီတွေက ဆိုကြတယ်။ ဒီလိုဆိုရင် လူနဲ့တိရစ္ဆာန် ဘာများကွာခြားလဲလို့ စောဒကတက်စရာရှိလာပြီ..။

**လူငယ် -** ဟုတ်တယ်နော်.. ဦးလေး။ ဒါပေမယ့် လူနဲ့ တိရစ္ဆာန် တူကိုမတူဘူးဗျာ။

**ကျွန်ုပ်-** ငါ့တူရဲ့စိတ်ထဲမှာ လူနဲ့ တိရစ္ဆာန်ကို တန်းတူဖြစ်ကြောင်း လက်မခံချင်တဲ့ Complain ရှိနေတယ်။ ရှိသင့်တာပေါ့ကွာ။ တကယ်လည်း လူနဲ့တိရစ္ဆာန် တူမှမတူကြတာ။

**လူငယ်-** အဲဒီလိုလုပ်ပါဦးလေးရယ်။ ဆက်ပြောပါဦး။

**ကျွန်ုပ်-** ပညာရှင်တွေကလည်း ဒါကိုဖောင်းပေးပြီး တင်ပြကြပါတယ်။ အဓိကအားဖြင့် လူနဲ့တိရစ္ဆာန် ကွာခြားသွားစေတာက အခြားသတ္တဝါတွေမှာ မရှိဘဲ လူမှာသာရှိတဲ့ သီးသန့်အရည်အသွေးတစ်ခုကြောင့်ပေါ့ .. ငါ့တူ။ **အဲဒီအရည်အသွေးက အင်္ဂလိပ်လိုဆိုရင် Reasoning၊ မြန်မာလိုဆိုရင် ဝေဖန်စိစစ်ပိုင်းခြားတတ်ခြင်းပေါ့။ အကြောင်းနဲ့ အကျိုး၊ အကောင်းနဲ့ အဆိုး၊ အမှားနဲ့ အမှန် ခွဲခြားသိတဲ့ ဆင်ခြင်ဉာဏ်ပေါ့ကွာ။** ဒီလိုဝေဖန်စိစစ်ပိုင်းခြားဆင်ခြင်တာကို ဗုဒ္ဓတရားတော်အရဆိုရင် **ဝိဘဇ္ဇဝါဒ**လို့ဆိုတယ်။

**လူငယ် -** ကျွန်တော် သဘောပေါက်သွားပြီ ဦးလေး။ ကျွန်တော့်စိတ်ထဲမှာ အဲဒီသဘောကို တွေးနေမိတာ။ မပြောတတ်လို့။ အခု..ကျွန်တော်သိသွားပြီ .. ကျေးဇူးတင်လိုက်တာ ဦးလေးရယ်…။

လှျပ်တစ်ပြက် စကားဝိုင်းလေးအဆုံးတွင် ကျွန်ုပ်ကို နှုတ်ဆက်ကာ ပေါ့ပါးရွှင်လန်းစွာ ထွက်သွားသော လူငယ်လေး၏ နောက်ကျောကို ကြည့်ရင်း ကျွန်ုပ်ရင်ထဲတွင်လည်း ပီတိဖြစ်နေမိသည်။ **စဉ်းစားတတ်ခြင်း၊ ရွေးချယ်တတ်ခြင်း၊ ဆုံးဖြတ်တတ်ခြင်းတို့သာမက ဝေဖန်စိစစ်ပိုင်းခြားဆင်ခြင်တတ်ခြင်းတည်းဟူသော လူသားသီးသန့်အရည်အချင်းကိုပါ အသုံးချရန်လိုကြောင်း** လူငယ်လေးတစ်ယောက် သဘောပေါက်နားလည်သွားခြင်းက သူ့အတွက်ကောင်းဖို့ဖြစ်သလို သူ့ပတ်ဝန်းကျင်အတွက်လည်း အကျိုးဖြစ်စေနိုင်သည် မဟုတ်ပါလား…။ ။

**ကိုးကား - Critical Thinking**

■



## ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့

**မြစ်ကြီးနား မေ ၂**
ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် ပြည်နယ်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၁ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့နယ် ပလနကျေးရွာအုပ်စုအတွင်းရှိ တြိနီတီနှစ်ခြင်းအသင်းတော် IDPs Camp နှင့် စိန့်ဂျိုးဇက် IDPs Camp သို့ သွားရောက်၍ နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ဆန်အိတ်များထောက်ပံ့ပေးအပ်သည်။

တြိနီတီနှစ်ခြင်းအသင်းတော် IDPs စခန်း၌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စခန်းအတွင်းရှိ နေရပ်စွန့်ခွာပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး မိမိတို့ စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေသကဲ့သို့ နေရပ်စွန့်ခွာပြည်သူများ၏ နေထိုင်စားသောက်မှု အဆင်ပြေစေရေးကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများ မကြာမီဖွင့်လှစ်တော့မည်ဖြစ်သောကြောင့် မိမိတို့ ကလေးများအား ကျောင်းအပ်နှံရေးနှင့် ပညာသင်ကြားခွင့်ရရေးကို အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက်ကိုလည်း ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ကြစေလိုကြောင်း အားပေးပြောကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စခန်းအတွင်းရှိ အိမ်ထောင်စု ၁၉၈ စု၊ လူဦးရေ ၉၇၀ တို့အတွက် ထောက်ပံ့ငွေကျပ် ၁၉၈သိန်းနှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ဆန်အိတ်ပေါင်း ၁၀၃ အိတ်တို့ကို အသီးသီးထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် စိန့်ဂျိုးဇက် IDPs စခန်းသို့ သွားရောက်ကြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စခန်းအတွင်းရှိ နေရပ်စွန့်ခွာအိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး အဆိုပါ စခန်းအတွင်းရှိ အိမ်ထောင်စု ၄၀၅ စု၊ လူဦးရေ ၂၂၉၉ ဦးတို့အတွက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ထောက်ပံ့ငွေနှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ဆန်အိတ်များထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

**ပဲခူး မေ ၂**
ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဧပြီ ၃၀ ရက် နံနက်ပိုင်းက သာယာဝတီခရိုင် အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာသူရက ဆေးရုံဆိုင်ရာ အချက်အလက်များ၊ ဆေးကုသမှု လုပ်ငန်းစဉ်များနှင့် ဆေးရုံအတွက် လိုအပ်ချက်များအား တင်ပြသည်။ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများအား ဆန်၊ ဆီများ ထောက်ပံ့သည့်အပြင် ဆေးရုံအတွင်း တက်ရောက်ကုသနေသည့် လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် သာယာဝတီမြို့နယ်ခန်းမသို့ သွားရောက်ခဲ့ပြီး ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်သိသိဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များအား အရှိန်အဟုန်မပြတ် ဆက်လက် တာဝန်ထမ်းဆောင်ရန်၊ ကျေးလက်မြို့ပြဆင်းရဲချမ်းသာကွာဟမှုများ လျော့နည်းစေရေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး အဓိကထား ဆောင်ရွက်ပေးရန်၊ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး ချောင်းရေ၊ မြစ်ရေရရှိနိုင်သည့် နေရာများအား ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်၍ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးနိုင်မည့် နေရာများရှာဖွေထားရန်၊ ပန်းခင်းစီမံချက်အရ နိုင်ငံသားကတ်မရရှိသေးသူများအား နိုင်ငံသားကတ်ရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့်အတူ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်များမှ ပူးပေါင်း ဆောင်ရွက်ပေးရန်၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ ကုသနိုင်ရေး လုပ်ငန်းစဉ်များဆောင်ရွက်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန်နှင့် တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများ၊ အခြေခံပညာ ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သွားရန် ပြောကြားသည်။

ယင်းနောက် သာယာဝတီမြို့နယ်ရှိ စံရွေး-ဖိုးခေါင်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## အင်တာမီလန်အသင်း ၁၁ နှစ်တာကာလအတွင်း အီတလီစီးရီးအေဖလား ပထမဆုံးအကြိမ် ဆွတ်ခူး




အီတလီစီးရီးအေပွဲစဉ်(၃၄)အဖြစ် ယနေ့ယှဉ်ပြိုင်ကစားခဲ့တဲ့ အတ္တလန်တာအသင်းနဲ့ ဆာဆူအိုလိုအသင်းတို့ပွဲစဉ်မှာ အမှတ်ပေးဇယား ဒုတိယနေရာက အတ္တလန်တာအသင်းဟာ သရေတစ်မှတ်သာရရှိခဲ့တာကြောင့် အင်တာမီလန်အသင်းဟာ ပွဲစဉ်(၃၄) အပြီးမှာ အီတလီစီးရီးအေဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

### ပထမဆုံးအကြိမ်ရယူ

အင်တာမီလန်အသင်းဟာ ရမှတ် ၈၂ မှတ် ရရှိထားကာ အမှတ်ပေးဇယား ဒုတိယနေရာက အတ္တလန်တာအသင်းက ရမှတ် ၆၉ မှတ်သာရရှိထားတာကြောင့် အင်တာမီလန်အသင်းက အတ္တလန်တာအသင်းကို ၁၃ မှတ်အထိ ဖြတ်ထားနိုင်ခဲ့ပြီး အီတလီစီးရီးအေဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီအီတလီစီးရီးအေဖလားဟာ အင်တာမီလန်အသင်းအတွက် ၁၁ နှစ်တာကာလအတွင်းမှာ ပထမဆုံးအကြိမ်ရယူနိုင်ခဲ့တဲ့ အီတလီစီးရီးအေဖလားလည်း ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက အမှတ်ပေးဇယား ဒုတိယနေရာနဲ့သာ ကျေနပ်ခဲ့ရတာဖြစ်ပြီး အခုနှစ်ဘောလုံးရာသီမှာ အီတလီစီးရီးအေဖလားပြိုင်ပွဲရဲ့ ပွဲစဉ်လေးပွဲယှဉ်ပြိုင်ကစားဖို့ အလိုမှာ အီတလီစီးရီးအေဖလားကို စောစီးစွာ ရယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

အင်တာမီလန်အသင်း အီတလီစီးရီးအေဖလား ရရှိခဲ့ခြင်းဟာ ဂျူဗင်တပ်အသင်းရဲ့ အီတလီစီးရီးအေဖလား ကိုးကြိမ်ဆက်တိုက် ရယူဆွတ်ခူးနိုင်မှုကိုလည်း အဆုံးသတ်စေခဲ့တာ ဖြစ်ပါတယ်။ အခုတစ်ကြိမ်ရရှိခဲ့တဲ့ အီတလီစီးရီးအေဖလားဟာ အင်တာမီလန်အသင်းအတွက် ၂၀၁၀ ပြည့်နှစ်အတွင်းက နည်းပြမော်ရင်ဟိုလက်ထက် အီတလီစီးရီးအေဖလားနဲ့ ချန်ပီယံလိဂ်ဖလားတို့ကို ရရှိခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်ရရှိခဲ့တဲ့ ဆုဖလားလည်း ဖြစ်ပါတယ်။

နည်းပြကွန်တီဟာ အခုနှစ်ဘောလုံးရာသီမှာ အီတလီစီးရီးအေဖလားကို ရယူနိုင်ခဲ့တာကြောင့် အီတလီစီးရီးအေဖလားကို လေးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တဲ့ နည်းပြတစ်ဦးဖြစ်လာခဲ့ပြီး ၂၀၁၁ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်အတွင်းမှာ ဂျူဗင်တပ်အသင်းနဲ့အတူ အီတလီစီးရီးအေဖလားကို သုံးကြိမ်ဆက်တိုက် ရယူနိုင်ခဲ့တဲ့ နည်းပြလည်း ဖြစ်ပါတယ်။

ဒါ့ပြင် နည်းပြကွန်တီဟာ ၂၀၁၇ ခုနှစ်အတွင်းကလည်း ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားကို ပထမဆုံးအကြိမ် ရယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ အခုနှစ်ဘောလုံးရာသီမှာ အင်တာမီလန်အသင်းနဲ့အတူ အီတလီစီးရီးအေသွင်းဂိုးအများဆုံး ကစားသမားကတော့ တိုက်စစ်မှူး လူကာကူဖြစ်ပြီး လူကာကူဟာ အီတလီစီးရီးအေသွင်းဂိုး ၂၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အောင်ဘာလေထီဆိုင်းထုတ်ဖော်ခြင်း

(၂၆) ကြိမ်မြောက် ထုတ်ဖော်သော ထီပေါက်စဉ် ၂၀၂၁ ခုနှစ်၊ မေလ (၁) ရက်နေ့

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

ဆ – ၂၂၉၀၆၆

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု**

ဆ – ၄၃၆၅၁၇

**ဆုကြီးတစ်ဆုစီ ကျပ်သိန်း (၅၀၀) ဆုများ**

ကင – ၉၇၆၆၃၅
မ – ၇၇၂၉၅၈
ဘ – ၇၆၁၀၈၂
စ – ၅၈၅၅၇၉

[illegible]

ယ – ၃၉၇၇၇၀

**ဆုကြီးတစ်ဆုစီ ကျပ်သိန်း (၂၀၀) ဆုများ**

ခ – ၁၀၉၉၃၀၀
ဓ – ၆၁၀၀၃၆၉
ကဃ – ၆၅၄၂၉၇
ဓ – ၇၁၇၇၂၂

[illegible]

ဃ – ၉၃၇၃၁၀

**ဆုကြီးတစ်ဆုစီ ကျပ်သိန်း (၁၀၀) ဆုများ**

ဏ – ၃၃၀၇၂၄
ဆ – ၇၈၂၉၅၈
ဠ – ၅၅၁၀၈၉
ကဆ – ၅၆၆၄၆၉
ကလ – ၈၁၃၄၃၀

**ဆုကြီးတစ်ဆုစီ ကျပ်သိန်း (၅၀) ဆုများ**

ကဆ – ၂၄၀၅၃၈
ကဈ – ၂၄၀၇၃၈
ကဿ – ၆၁၁၀၀၀
စ – ၉၃၄၂၈၆

[illegible]

ဆ – ၆၀၆၁၁၉

**ဆုကြီးတစ်ဆုစီ ကျပ်သိန်း (၂၀) ဆုများ**

န – ၇၃၂၉၉၈
ကဃ – ၉၉၅၅၂၇
ယ – ၇၇၅၂၈၇
ယ – ၇၇၆၇၂၅

[illegible]

ဆ – ၂၈၉၆၇
ဒ – ၉၁၀၇၆၆

**ဆုကြီးတစ်ဆုစီ ကျပ်သိန်း (၁၀) ဆုများ**

ည – ၂၈၉၀၀၇
ဆ – ၁၇၈၉၅၈
ကစ – ၄၆၀၀၇၂
ကဘ – ၉၇၇၁၀၀
ဝ – ၅၅၆၉၈၂

**နောက်ဆုံးဂဏန်း (၃) လုံးတူ ကျပ်(၅)သိန်းဆုများ**

ကဿ – ၅၅၀၈၉
ဃ – ၁၀၉၂၂
ဝ – ၈၁၁၀၉

နောက်ဆုံးဂဏန်း(၃)လုံးတူ ... ကျပ်(၅)သိန်း

**နောက်ဆုံးဂဏန်း (၂) လုံးတူ ကျပ်(၂)သိန်းဆုများ**

ခ – ၂၂၉၀
ဇ – ၆၂၃၆
ကဃ – ၆၉၉၉

နောက်ဆုံးဂဏန်း(၂)လုံးတူ ... ကျပ်(၂)သိန်း

**နောက်ဆုံးဂဏန်း (၁) လုံးတူ ကျပ်(၁)သိန်းဆုများ**

ဘ – ၁၀၉
ကဃ – ၈၇၁

နောက်ဆုံးဂဏန်း(၁)လုံးတူ ... ကျပ်(၁)သိန်း

**နောက်ဆုံးဂဏန်း (၃) လုံးတူ ဆုများ**

[illegible]

ဃ – ၁၁၀ ဘ – ၉၈
ဒ – ၇၉ ဘ – ၆၅
ကစ – ၈၉

[illegible]

## ဘဏ္ဍာနှစ်အလိုက် ထုတ်ဖော်သော ထီပေါက်စဉ်များ

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု**

[illegible]

ကယ – ၁၀၇၉၂၈၂

**ဆုကြီးတစ်ဆုစီ ကျပ်သိန်း (၅၀) ဆု**

[illegible]

ကစ – ၅၆၂၉၀၀

**ဆုကြီးတစ်ဆုစီ ကျပ်(၁၀)သိန်းဆုများ**

ဃ – ၂၈၃၆၇၅ ဝ – ၅၃၅၇၀၂
မ – ၅၆၇၆၄၄ ဓ – ၇၄၆၅၀၈

**နောက်ဆုံးဂဏန်း (၃) လုံးတူ ကျပ်(၅)သိန်းဆုများ**

ဘ – ၂၃၀၈၇ ထ – ၉၇၇၄၇

နောက်ဆုံးဂဏန်း(၃)လုံးတူ ... ကျပ်(၅)သိန်း

**နောက်ဆုံးဂဏန်း (၂) လုံးတူ ကျပ်(၂)သိန်းဆုများ**

န – ၁၀၇၉
ဝ – ၆၂၅၇

နောက်ဆုံးဂဏန်း(၂)လုံးတူ ... ကျပ်(၂)သိန်း

**နောက်ဆုံးဂဏန်း (၁) လုံးတူ ကျပ်(၁)သိန်းဆုများ**


ဒ – ၆၇၂
စ – ၃၈၅



နောက်ဆုံးဂဏန်း(၁)လုံးတူ ... ကျပ်(၁)သိန်း

[illegible]

ပြည်သူ့ဘဏ္ဍာရေးဦးစီးဌာန

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဟာရိဝေဿဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း



**ကြေးမုံ ယနေ့ ဖတ်စရာ**

**သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး (နေပြည်တော်) ၂၄ နာရီ ဖွင့်လှစ်ထားရှိ**

စာမျက်နှာ » ၁၁


**အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ သန်း ၁၀၀ ကျော်ရှိပြီဖြစ်**

စာမျက်နှာ » ၁၃

**ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ**

စီစီဝမ်တာပန်တိုက်ပွဲကြားမှ စေတနာမိခင် ကရုဏာရှင် ဒေါ်အမ်ယောနမ်

စာမျက်နှာ » ၁၆



# ကျောက်ဖြူမြို့နယ်တွင် စီးပွားဖြစ်မွေးမြူလျက်ရှိသည့် ကဏန်းပျော့လုပ်ငန်း အထူးအောင်မြင်လျက်ရှိပြီး ပြည်ပဈေးကွက်ထိ တင်ပို့ရောင်းချ

**ကျောက်ဖြူ မေ ၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကွင်းအမှတ် ၄၆၈၊ သပြုတောင်ပေါ်ကွင်းတွင် ရေလှောင်ကန်များဖြင့် မွေးမြူထားရှိသည့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းမှာ အထူးအောင်မြင်ပြီး ယခုအခါ ပြည်ပဈေးကွက်သို့ ဖြန့်ဖြူးတင်ပို့ရောင်းချနေပြီဖြစ်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

"ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ် မတ်လက စလုပ်ဖြစ်ပါတယ်။ အကောင်ရေ နှစ်သိန်းခွဲလောက်နဲ့ စမွေးပါတယ်။ အစာအတွက် ကမ်းနီး၊ ကမ်းဝေးငါးဖမ်း သင်္ဘောတွေကရတဲ့ငါးတွေနဲ့ ဒေသထွက်ငါးတွေကို ဝယ်ယူပြီးကျွေးရပါတယ်။ မွေးမြူတဲ့ပုံစံကတော့ ဒီက ကုန်ကြမ်းတွေကို ဝယ်ယူတယ်။ ပြီးတော့ ကဏန်းအသေတွေနဲ့ အနာတွေ ထုတ်လိုက်တယ်။ စိတ်ကြိုက်မွေးနိုင်တဲ့ဆိုဒ်ရရင် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ပလင်းကမ်းသာယာဆင်စခန်း မကြာမီဖွင့်လှစ်မည်



**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်း မကြာမီပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

**ခေတ္တပိတ်ထားခဲ့**

ပလင်းကမ်းသာယာဆင်စခန်းကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်သည့်အနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ် ၂၅ ရက်မှစတင်ကာ ခေတ္တပိတ်ထားခဲ့ရာ ပြန်လည်ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာက စီမံဆောင်ရွက်နေပြီဖြစ်ပြီး ပလင်းကမ်းသာယာဆင်စခန်းဝင်းတွင်လည်း ပိတ်ထားသည့်ကာလအတွင်း ဧရာဝတီမြစ်ရှုခင်း ကြည့်ရှုနိုင်ရန် ရှုခင်းကြည့်တံတား တည်ဆောက်ခြင်း၊ ဆင်စခန်းလာသူများ စိတ်အေးချမ်းသာစွာအနားယူနိုင်ရန် မြစ်ကမ်းဘေးတစ်လျှောက်တွင် ခြေတံရှည် နားနေတဲများ တည်ဆောက်ပေးထားပြီး အဆိုပါတဲများပေါ်မှ သန့်ရှင်းလတ်ဆတ်သည့် အစားအစာနှင့် အအေးမျိုးစုံ မှာယူစားသုံးနိုင်ခြင်း၊ ဧရာဝတီမြစ်နှင့် ရှုမျှော်ခင်းကြည့်တံတားအား အပေါ်စီးမှ ထပ်ဆင့်ကြည့်ရှုနိုင်ရန် သစ်ပင်ကြီးများနှင့် ထန်းပင်များကို အမှီပြု၍ Tree House တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ဆင်စခန်းလာကလေးငယ်များ စိတ်အေးချမ်းသာစွာ ကစားနိုင်ရန် ဆီးဆော၊ သစ်သားဒါန်း၊ ကလေးစီးရဟတ်နှင့် ကလေးကစားကွင်း၊ ပန်းဥယျာဉ်တစ်ခု ဖန်တီးခြင်း၊ ဆင်များရေချိုးချိန် ကြည့်ရှုနိုင်ရန် ဖန်တီးပေးထားခြင်း၊ ဆင်များအကြောင်း လေ့လာနိုင်ရန် နိုင်ငံတကာအဆင့်မီဆင်ပြတိုက် တည်ဆောက်ပေးထားကာ အာဖရိကဆင်၊ အာရှဆင်များ၏ မတူကွဲပြားသည့် စရိုက်လက္ခဏာများ ပြသထားခြင်း၊ ဆင်တစ်ကောင်လုံး၏ ဖွဲ့စည်းမှုဆင်အရိုးစု **စာမျက်နှာ ၁၇ ကော်လံ ၁ သို့**

## (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဂေါက်သီးရိုက်ကစားသမားများရွေးချယ်ရန် လူရွေးပွဲကျင်းပမည်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်သည် ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)အတွက် ပဏာမလက်ရွေးစင် ဂေါက်သီးရိုက်(အမျိုးသား)ကစားသမားရွေးချယ်ရန် လူရွေးပွဲကို ရန်ကုန်ဂေါက်ကွင်း (တည်ငါးကုန်း)၌ ပြုလုပ်သွားမည်ဖြစ်သည်။

ပဏာမလက်ရွေးစင် ဂေါက်သီးရိုက် ကစားသမားများလူရွေးပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံလိုသည့် ကစားသမားများသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အသက် ၂၆ နှစ် မပြည့်သေးသူဖြစ်ရမည်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် Cut ဝင်ဖူးသူနှင့် လူငယ်ပြိုင်ပွဲတွင် အဆင့် ၁ မှ ၃ အတွင်း ရရှိဖူးသူဖြစ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်သောသူဖြစ်ရမည်ဟု သတ်မှတ်ထားသည်။

လူရွေးပွဲ ဝင်ရောက်ရွေးချယ်ခံမည့်သူများအနေဖြင့် မေ ၂၀ ရက်မှ ၂၃ ရက်အထိ ပထမအကြိမ်၊ ဇွန် ၃ ရက်မှ ၆ ရက်အထိ ဒုတိယအကြိမ်အဖြစ် လေးရက်စီ လူရွေးပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရွေးချယ်ခံလိုသော ကစားသမားများအနေဖြင့် မေ ၁၆ ရက် နောက်ဆုံးထားကာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဖုန်းနံပါတ် ၀၉-၅၁၉၃၄၂၃ သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ကိုညီလေး**

MYANMAR GOLF FEDERATION